# ဘဝကော်ရှာ

ချိုးဘ၀မောင်ဦး

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည် ... များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ခ...

## နိုင်ငံရေးဦးတည်ချက်(၄)ရ...

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တ...
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ဆိုက်ကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအေ...
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတ...

## စီးပွားရေးဦးတည်ချ...

- စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ...
- စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ...
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး ...ဖိတ်ခေါ်၍ စီး...ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပုံနှိပ်မှတ်တမ်း

စာမူ ပြုချက်အမှတ် - ၅၀၀၀၃၂၀၁၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -
ထုတ်ဝေသ - ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ)
မျက ...းပုံနှိပ် - ဦးဇော်မြင့်ဝင်း (ကာလာပုံနှိပ်တိုက်)
...ဖုံးဒီဇိုင်း - Ye Lay
...ခြင်း - ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅.၈၃

ဒဿကျော်စွာ

သုံးဘဝမောင်နှမ/ ဒဿကျော်စွာ
- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၂။
( ) စာ၊ ၁၂.၂ × ၁၈.၁ စင်တီ။
(၁) သုံးဘဝမောင်နှမ

အိပ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ


| | | |
|---|---|---|
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းနိုက်နိုးစန်း ၊ မင်းပြည့်မွန် |
| ၁၉။ | ငှက်နီတွန်ချိန် | သတိုးစော |
| ၂၀။ | စောင့်ရသူ | သတိုးစော |
| ၂၁။ | ညှို့ရက်သန်းခေါင်ချောတစ်ပေါင် | သတိုးစော |
| ၂၂။ | ရွှေလမ်းခြင်းခရီးသည် | သတိုးစော |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရွာ | လူမေ့ |
| ၂၅။ | ညည်းတွားရှိုက်တဲ့ ရုံသံ | သတိုးစော |
| ၂၆။ | ဦးရွှင်ကြီး | ဒီပစကျော်စွာ |
| ၂၇။ | ပန်းဝင်စား | ဝေမှူးသွင် |
| ၂၈။ | ဓားရယ် | လူမေ့ |
| ၂၉။ | ကလေးအတွေး Essay | မင်းနိုက်နိုးစန်း |
| ၃၀။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီပစကျော်စွာ |
| ၃၁။ | ဘာဆိုလားပဲ | လူမေ့ |
| ၃၂။ | ခေါင်ညှိမှိုင်ပြတဲ့ အရိပ်ကလေး | ဝေမှူးသွင် |
| ၃၃။ | လိပ်ပြာမွဲတဲ့ည | ဒဿသကျော်စွာ |
| ၃၄။ | ဧည့်ရောက်ကြမှာဆိုး | သတိုးစော |
| ၃၅။ | 25 | လူမေ့ |
| ၃၆။ | မိစ္ဆာပျက်ရည် | ဓဝလကျော် |
| ၃၇။ | နှင်းဆီရောင်မှန်တိုင်း | ဝေမှူးသွင် |
| ၃၈။ | အလင်းအမှောင်ကကြိုး | ဝေမှူးသွင် |
| ၃၉။ | ဗိုနိပ်လီ | လူမေ့ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒဿကျော်စွာ |
| ၄၁။ | လမိုက်ညခေါ်သံ | ဒဿသကျော်စွာ |
| ၄၃။ | အချိုမြစ် | လူမေ့ |
| ၄၄။ | နတ်သမီးအဆောင် | လူမေ့ |
| ၄၅။ | ဝိဘတ်ကြမ္မာ | ဒဿသကျော်စွာ |
| ၄၆။ | ဘုတာကြီး | လူမေ့ |
| ၄၇။ | သက်ပျောက်သစ်ပင် | ဒဿသကျော်စွာ |
| ၄၈။ | ရွယ်နီဆင်ရိုင်း | သတိုးစော |
| ၄၉။ | နဂါးခံတွင်းခရီးသည် | ဒဿကျော်စွာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒဿသကျော်စွာ |
| ၅၁။ | ပါဆယ် | လူမေ့ |
| ၅၂။ | ဝေါင်း… ဝေါင်း… ခွေတစ်ချောင်း | သတိုးစော |
| ၅၃။ | မရှောဟိန္ဒီ | ဒဿသကျော်စွာ |
| ၅၄။ | သရဲကျွမ်း | ဒဿသကျော်စွာ |
| ၅၅။ | မိန်းမရှာရွာ | လူမေ့ |
| ၅၆။ | ခြေကလိမ်မ မယ်ကာကာ | ဒဿသကျော်စွာ |
| ၅၇။ | သမီးရည်းစားအတိတ် | လူမေ့ |
| ၅၈။ | မြို့တစ်မြို့ | လူမေ့ |
| ၅၉။ | သန်းခေါင်ယံညည်းသံ | ဒဿသကျော်စွာ |
| ၆၀။ | ဘီဆိုဆိုကေ | လူမေ့ |
| ၆၁။ | ချွေးမိတ်ကျောက်တိုင် | ဒဿသကျော်စွာ |
| ၆၂။ | တဗ္ဗသိုလ် ၆ ခု | လူမေ့ |
| ၆၃။ | ၈၈/၉၉ ၂၄ နာရီကစီး | လူမေ့/မျှားသူ |
| ၆၄။ | မြေကြမ်း | ဒဿသကျော်စွာ |
| ၆၅။ | ဆက်မမက်ရတဲ့ အိပ်မက်ပေါင်း | သတိုးစော |
| ၆၆။ | ကျွန်းနိုင်ဝိဇ္ဇာ | ဒဿကျော်စွာ |
| ၆၇။ | ရှေ့စေတိုရီ | မင်းလူ၊ လူမေ့၊ မိုးစက်ဝိုင်၊ မျှားသူ |
| ၆၈။ | ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ | မင်းနိုက်နိုးစန်း |
| ၆၉။ | ရည်းစားထားတဲ့ဂိမ်း | လူမေ့ |
| ၇၀။ | နှမ်းစပ်ကောင်းကင် | မင်းနိုက်နိုးစန်း၊ မျှားသူ |
| ၇၁။ | ဆုတောင်းပြည့်မြွေဆိပ် | သတိုးစော |
| ၇၂။ | တမလွန်ချစ်သူ | သတိုးစော |
| ၇၃။ | ရုံ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ | မျှားသူ |
| ၇၄။ | ပဥ္စပမန်တွေ့ဆုံခြင်း | သစွာနီ |
| ၇၅။ | တောက်တဲ့ကိုကြိမ် | သတိုးစော |
| ၇၆။ | *သုံးဘာဝဗောင်နမ* | *ဒဿသကျော်စွာ* |
| | ***<u>ဆက်လက်ထွက်ရှိမည့် စာအုပ်များ</u>*** | |
| ၇၇။ | အတ | မျှားသူ |

# Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

# ဒဿဂျော်ရွာ

## သုံးဘဝမောင်နှမ

"လူ့ဘဝဆိုတာ လမ်းဆုံနဲ့တူတယ်ကွ"

ထိုစကားအား ပြောကြားလေ့ရှိသူမှာ ဘကြီး တော အမည်ရှိ ဘုရားကုန်းရွာသား ဆေးဆရာကြီးဖြစ် ပါသည်။

အကြောင်းမသိသူတစ်ဦးက ဘကြီးတောအား

"ဘာလို့လဲ ဘကြီးရဲ့"

ဟု ပြန်လှန်မေးမြန်းလိမ့်မည်ဆိုပါက ဘကြီး တောမှာ ထိုသူအား အ ရန်ကောဟူသည့် နှိမ့်ချသလို မျက်ဝန်းများဖြင့် တစ်ချက်စိုက်ကြည့်ရင်းက ကွမ်းတစ်ယာကို အံစောင်ထဲပစ်သွင်း လိုက်ကာ တမြုံ့မြုံ့ဝါးရင်း

"ဟ အထက်နတ်ဘုံကပဲလာလာ၊ အောက်က ငရဲ ပြိတ္တာတွေဆီကပဲလာလာ လူ့ဘဝမှာ ဆုံ ဆည်းကြတာပဲလကွာ၊ ဒီကမှ တစ်ဆင့်လည်း

အထက်ဘုံ အောက်ဘုံတွေဆီ ဖြန့်ခွဲပြန်သွား
ကြတာ၊ ဒီတော့ ဒါကိုမှ လမ်းဆုံလို့မပြောရင်
ဘာကိုပြောမလဲ …

ဟု ကွမ်းဝါးနေဆဲ အာလုပ်သံကြီးဖြင့် ရှင်းပြ တော့မည် ဖြစ်ပေသည်။

ဘကြီးတောမှာ ဘုရားကုန်းရွာ ဇာတိစစ်စစ် ဖြစ်သလို ဆေးဆရာကြီးလည်းဖြစ်ကာ အသက်ကလည်း ရှစ်ဆယ်ကျော်ပြီ မို့ ဗဟုသုတစုံလင်လှချေသည်။

စိတ်ဝင်စားဖွယ် အကြောင်းအရာမျိုးစုံကို သူ့ထံ မှ ကြားရတတ်၏။ ဘုရားကုန်းရွာနှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပွားခဲ့ သော ရှေးဟောင်းနှောင်းဖြစ်များအတွက်ဆိုလျှင် သူ့အား သက်ရှိ သမိုင်းမှတ်တမ်းကြီး တစ်ခုသဖွယ် အားကိုး မေးမြန်းတတ်ကြ လေ၏။

လူတိုင်းကလည်း စိတ်ဝင်တစားရှိတတ်ကြပြီး သူလည်း အဓိကပြောတတ်သည်က ထူးဆန်းအံ့ဩဖွယ် အကြောင်းများ။

အထူးသဖြင့် ဘကြီးတော အများဆုံးပြောလေ့ရှိသည် မှာတော့ ရွာပြင်တောစပ်မှ ရှင်းလင်းနေသော မြေ နေရာလေး တစ်ခုအကြောင်းနှင့် ထိုတောစပ်တွင် တည်ရှိ ခဲ့ဖူးသည်ဆိုသော

တဲအိမ်လေးတွင် နေထိုင်ခဲ့ဖူးကြသော မောင်နှမနှစ်ယောက်
အကြောင်းများပင် ဖြစ်ပါလေသည်။

ဖြေ႙ြိဆ

ဇာတ်လမ်းမှာ အလွန်ကွာလှမ်းလှသော နှစ်ပရိစ္ဆေတ များစွာက စတင်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

"ဟိုးအရင်တုန်းက တို့ရွာမှာ အင်မတန်ချစ်တဲ့ မောင်နှမနှစ်ယောက်ရှိခဲ့ဖူးသတဲ့၊ သူတို့ကြုံခဲ့ရ တဲ့ အဖြစ်တွေက အတော်ဆန်းဆိုပဲ၊ တို့တော့ မမှီလိုက်ပါဘူးကွာ"

"ဘယ်လိုဆန်းတာတုန်း ဘကြီးရဲ့"

"သူတို့တွေကလေ အသက်ငယ်ငယ်ကလေး မှာတင် မိဘတွေဆုံးသွားကြတာ၊ နှမလေးက အကြီး မောင်လေးက အငယ်၊ အရွယ်တွေက ရှိလှမှ ငါးနှစ်ကျော်လောက်လေးတွေပေါ့"

ပြောနေရင်းသားမှပင် ဘကြီးတော၏ မျက်လုံး များ

ာဆက်အဆံ
ဆရှိမှုန်ဝါးသွားကြလေ၏။
ာည်။
ရှေ့တူရှုကိုကြည့်နေသော်လည်း သူ့အသွင်မှာ မမြင်
ာကဲ့သို့ ...

ငေးရှိနေသော သူမျက်ဝန်းများအား စိုက်ကြည့်နေရင်း
ာ တစ်ချိန်ကအတိတ်တို့သည်ပင် ပြန်လည် အသက်ဝင်လာ
ည့်ပမာ နားထောင်နေသူတို့၏ စိတ်အာရုံဝယ် ထင်မြင်လာ
ါလေတော့သည်။

ား

၁

## အတိတ် (၁)

သူတို့မောင်နှမမှာ မိခင်ဖြစ်သူက သူတို့ ငယ်ငယ်ကလေးထဲက ဆုံးပါးသွားခြင်း ဖြစ်လေသည်။

အဖေတစ်ယောက်တည်းက သူတို့အား စောင့်ရှောက်ကျွေးမွေးခဲ့ပြီး မုဆိုးအလုပ်လုပ်သော သူတို့ဖခင်မှာ ဇနီးဆုံးပြီကတည်းကပင် ရွာထဲမှာ မနေတော့ဘဲ ရွာပြင်တောစပ်ရှိတဲ့အိမ်ငယ်လေးတစ်ခုထိုးကာ ပြောင်းနေလေသည်။

ထို့ကြောင့်ပင် သူတို့မောင်နှမမှာ ရွာနှင့်အဆက်အဆံ နည်းသလို ရွာမှလည်း သူတို့အား စိမ်းနေရခြင်း ဖြစ်လေသည်။ တနည်းပြောရပါလျှင် လူ့အဖွဲ့အစည်း နှင့် ကင်းကွာနေရသော မောင်နှမပါပင်။

သို့သော် မမျှော်လင့်သောကံကြမ္မာက သူတို့ အား လူတွေနှင့် ကင်းကွာ၍မရအောင် တွန်းပို့ခဲ့ပါလေ ၏။

✱

နွေညနေခင်းတစ်ခုတွင် ဘုရားကုန်းရွာသို့ ကာလသား တစ်သိုက်မှာ အမောတကောပြန်ရောက်လာခဲ့ကြလေ၏။

ရွာထဲ ဝင်လာလာချင်းမှာပင် သူကြီးအိမ်သို့ သူတို့ ဦးတည်သွားခဲ့ကြလေ၏။

သူကြီးအိမ်ရှေ့ ကွပ်ပျစ်တွင်က လူအမြဲမပြတ် ရှိနေတတ်သည်မို့ အမောတကောဝင်လာသော သူတို့ အားတွေ့သည်နှင့် လူကြီးတစ်ယောက်က လှမ်းမေးပါလေတော့သည်။

"ဟော့ကောင်တွေ ဘာဖြစ်လာကြတုန်းကွ၊ ပျာယီပျာယာနဲ့"

"ကျွန်တော်တို့တွေ တောထဲသွားကြတာကို ဖိုးလုံးနဲ့ တွေ့ခဲ့လို့ ဘကြီး"

"အေးလေ ဖိုးလုံးက မုဆိုးပဲဟာ တောထဲမှာရှိ
မှာပေါ့ ဘာဆန်းလဲ"

"မဟုတ်ဘူး ဘကြီး၊ သူ့ကို တောထဲမှာ အရှင်
အတိုင်းတွေ့ခဲ့တာ မဟုတ်ဘူး၊ သူ သူ သေနေ
ပြီ"

"ဟေ"

မေးလိုက်သော လူကြီးအပါအဝင် လူကြီးများ အားလုံး ခေါင်းမတ်သွားကြလေသည်။ အိမ်ပေါ်မှ အဆင်း နားစွန်နားဖျား ကြားလိုက်ဟန်တူသော သူကြီးသည်ပင် စိတ်ဝင်စားကာ အနားသို့ လျှောက်လာလေ၏။

တောထဲမှပြန်ရောက်လာကြသူများထဲမှ နောက်ထပ် ကာလသားတစ်ယောက်က ဆက်ပြောပြလေသည်။

"ဟုတ်တယ်၊ တောဝက်ပက်တာလို့ ထင်ရ
တာပဲ အူတွေပွင့်ပြီး သေနေတာ၊ ရက်တောင်အတော်
ကြာသွားပြီနဲ့တူတယ် အလောင်းက
ပုတ်တောင်နေပြီ"

သူကြီးက မျက်မှောင်ကြုံ့နားထောင်နေရာမှ ချက်ချင်း သတိရလိုက်မိဟန်တူလေသည်။

"ဖိုးလုံးမှာ သားသမီးရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ၊ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးကတစ်ယောက် ရှိပါတယ်၊ ခု လောက်ရှိ လေးနှစ်ငါးနှစ်စီလောက်တော့ ရှိကြရောပေါ့"

"အဲဒီကလေးတွေ ဘယ်လိုကျန်ခဲ့ကြမလဲ"

သူကြီးစကားကြောင့် အားလုံးတစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေ၏။ ကာလသားတစ်ယောက်ဆီမှ စိတ်မသက်သာသလို စကားသံထွက်၍ လာသည်။

"ဖိုးလုံးအလောင်းပုံစံကြည့်ရတာတော့ သေနေတာ လနဲ့ချီပြီးတောင် ကြာနေလောက်ပြီ၊ အိမ်မှာကျန် ခဲ့မယ့် ကလေးတွေကလည်း ခုလောက်ရှိ ...

သူက စိတ်မသက်သာစရာအတွေးကို ဆက်မပြောတော့ လို ဟန်ဖြင့် စကားတစ်ဝက်တစ်ပျက်တွင် ရပ်တန့်လိုက်လေ၏။ နားထောင်နေသူ အားလုံးမှာလည်း မျက်နှာမကောင်းကြ။

သူကြီးက သက်ပြင်းချရင်း လေးလံစွာပြောလိုက်လေ သည်။

"အေးလေ ဘာပဲဖြစ်ဖြစ် တို့ကတော့ တောစပ်က ဖိုးလုံးတို့ အိမ်လေးကို သွားကြည့်သင့်တာပေါ့၊တို့တွေ

ဒီလောက်တော့ လုပ်ပေးဖို့ တာဝန်ရှိတယ်လေ၊ ပြီးတော့ မင်းတို့ တွေခဲ့တဲ့ ဖိုးလုံးအလောင်းကိုလည်း ပြန်သွားသယ်ပြီး သင်္ဂြိုဟ်ပေးဖို့ လုပ်ကြရမယ်၊ ရွာပြင်မှာသေတာဆိုတော့ ရွာထဲသွင်းလို့တော့ မရဘူးပေါ့"

"အဲဒါတွေ ဒီနေ့ပဲ လုပ်ကြမှာလား ဟာင်၊ သူကြီး"

"ဒီနေ့တော့ နေပါစေတော့ မိုးပဲချုပ်တော့မယ်၊ နက်ဖြန်မှ လုပ်ကြတာပေါ့"

သူတို့ စိတ်ထဲမှာ ဖိုးလုံး သေတာပဲ ကြာလှပြီမို့ လန့်ချိ...တိုင်းကျန်ရစ်ခဲ့သော ကလေးတွေလည်း အခြေအနေမကောင်း...ဟု တွက်ဆမိပါသည်။ ထို့ကြောင့်လည်း ဘာကိုမှ အလျင်စလို...ဖြစ်တော့။

သိပ်မျှော်လင့်စရာမရှိတော့ဟု တွက်ဆမိသောကြောင့်...လည်း ဖြစ်ပါချေသည်။

## အတိတ် (၂)

တောစပ်ရှိ အိမ်ငယ်ကလေးအား သူတို့တွေ အဝေးက ပင် လှမ်းမြင်ကြရလေသည်။

အိမ်ကလေးက ငြိမ်ချက်သားကောင်းလှချေ၏။

သူတို့ကလည်း သက်ရှိလူတစ်ယောက်မှ မရှိလောက် တော့ဘူးဟူသော အတွေးဖြင့် ခပ်အေးအေးပင် လာခဲ့ကြ၏။

သို့သော် အိမ်ငယ်လေးနား နီးကပ်လာစဉ်တွင် အမှတ် မထင်ထွက်ပေါ်လာသော အသံများကြောင့် သူတို့ခြေလှမ်းများ တုန့်ကနဲ ဖြစ်သွားရလေတော့သည်၊

ရယ်သံတစ်ခု ဖြစ်လေသည်။

ကလေးငယ်တစ်ယောက်၏ ရယ်သံ။

တကယ့်ကို ပီပီသသကြားလိုက်ရခြင်းဖြစ်၏။

ကြောက်တတ်သူ တစ်ဦးစ နှစ်ဦးစမှာ တုန်တုန်ရီရီဖြစ်သွားကြလေ၏။

ကာလသားခေါင်းက ရှေ့မှလောဆော်လိုက်သည်။

"လာကွာ သွားကြည့်ကြစို့"

ရယ်သံကို နောက်ထပ်ကြားရပြန်၏။

ဒီတစ်ခါတော့ ဘယ်လိုမှ မမှားနိုင်တော့။

ရယ်သံမှာ အိမ်ငယ်ကလေးဆီမှ ထွက်ပေါ်နေခြင်းဖြစ်ပါလေသည်။

ဒီလောက် ကာလအကြာကြီး ကျွေးမွေးမည့်သူ မရှိဘဲ ကလေးနှစ်ယောက်တည်း မည်သို့ အသက်ရှင် နိုင်ပါမည်နည်း။

ဒါမှမဟုတ် သူတို့ကြားလိုက်ရတာ လူစင်စစ်တို့၏ အသံများမှ ဟုတ်ပါလေစ။

တွေးကာ ထိတ်လန့်မိရင်း၊ ဝေခွဲမရရင်းဖြင့် သူတို့တွေ အိမ်ငယ်ကလေးနား တရွေ့ရွေ့နီးကပ်လာကြလေ၏။

မရေမရာအတွေးထဲတွင်တော့ အိမ်ထဲရောက်လျှင်

မြင်ရမည့်မြင်ကွင်းကို မှန်းဆပုံဖော်နေမိသည်။

ထိုသို့ဖြင့်ဝင်

ခြေတစ်လှမ်းပြီး တစ်လှမ်း ...

အိမ်ကလေးအနီး ကပ်သွားကြ၏။

ရယ်သံက အခုတော့ တိတ်ဆိတ်နေပြန်သည်။

ကာလသားခေါင်းမှ ဦးဆောင်ကာ အိမ်ကလေးပေါ်သို့ တက်သည်။ အိမ်ငယ်ကလေးက ခြေတံရှည် အိမ်မျိုးဖြစ်လေ၏။

အိမ်ထဲမှအသံတို့မှာ တိတ်ဆိတ်နေဆဲ။ သူတို့ ရောက်လာသည်ကို သိသွားသောကြောင့်များ တမင် အသံဆိတ်နေသလား မသိပါ။

ရှေ့ဆုံးမှတက်သွားသော ကာလသားခေါင်းသည် အိမ်ကလေး၏ တံခါးကို ခပ်ဖြည်းဖြည်းတွန်းဖွင့် လိုက်လေ၏။

ဂျလစ် ဂျလစ်မြည်ကာ ပွင့်သွားသော တံခါးဖွင့်သံသည် တိတ်ဆိတ်နေသော ဝန်းကျင်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့လေ၏။

ကာလသားခေါင်းက ...

အိမ်တံခါးဝတွင် ရပ်တန့်၍နေသဖြင့် နောက်က လိုက်လာသူများမှာ သူ့အား မှီလာကြကာ အိမ်တံခါးဝရှိနေရာလေးသို့ စုပြုံရောက်ရှိလာကြလေ၏။

ထိုကြောင့်ပင် အိမ်အတွင်းရှိ မြင်းကွင်းများအား အားလုံး လိုလို မြင်သွားကြလေတော့၏။

အားလုံး အံ့အားသင့်သွားကြလေသည်။

မြင်းကွင်းက ရိုးရိုးကလေးပင် ဖြစ်ပါလေသည်။ သို့သော် ဘယ်သူမှ မျှော်လင့်မထားမိသော မြင်းကွင်းမျိုး ဖြစ်နေသောကြောင့်ပင်တည်း။

✸

"ကလေးတွေက ဘာလို့ ဒီလို ဝဝဖြိုးဖြိုးရှိနေရတာလဲ"

"သူတို့အဖေ တောထဲမှာသေသွားတာပဲ အနည်းဆုံး လနဲ့ချီပြီး ကြာလောက်ပြီ၊ ဒီအချိန်အတော အတွင်းမှာ သူတို့ကို ဘယ်သူက ကျွေးမွေး စောင့်ရှောက်ထားခဲ့သလဲ"

ဘယ်သူမှ မဖြေနိုင်ခဲ့ကြ။

ရွာထဲ ဆောင်ယူလာပြီးချင်း၌ပင် ကလေးနှစ်ယောက်လုံးမှာ စကားဟာက်ဟာက်ပက်ပက် မပြောလှသောကြောင့် သူတို့အားမေးမြန်းကြည့်လို့လည်း မရကြပါချေ။

အကြီးမလေးက ပို၍ဆိုး၏။ လူတိုင်းအား မယုံသလို

## အတိတ် (၃)

"ကဲ ကလေးတွေကိုတော့ ပြုစုစောင့်ရှောက်ဖို့လို လိမ့်မယ်၊ သူတို့ကို မွေးစားဖို့အတွက်စီစဉ်ရမှာပဲ"

သူကြီးက ထိုအတိုင်းပင် တစ်ရွာလုံးအားခေါ် ပြောလေ
နှိုင်၏။

ကလေးနှစ်ယောက်လုံးက ရုပ်ရည်သန့်သန့်ပြန့်ပြန့်
းတွေမို့ မြင်သူတိုင်း ချစ်ခင်စရာပင်တည်း။

နောက်ဆုံးတွင် ရွာထဲမှ သားသမီးမရှိကြသော
င်နှံ နှစ်စုံက ကလေးတွေအား မွေးစားခွင့်ကို အသီးသီး
သွားကြလေသည်။

ဟု

''ကလေးတွေက ဘာလို့ ဒီလို ဝဝဖြိုးဖြိုးရှိနေရတာ လဲ''

''သူတို့အဖေ တောထဲမှာသေသွားတာပဲ အနည်းဆုံး လနဲ့ချီပြီး ကြာလောက်ပြီ၊ ဒီအချိန်အတော အတွင်းမှာ သူတို့ကို ဘယ်သူက ကျွေးမွေး စောင့်ရှောက်ထားခဲ့သလဲ''

ဘယ်သူမှ မဖြေနိုင်ခဲ့ကြ။

ရွာထဲ ဆောင်ယူလာပြီးချင်း၌ပင် ကလေးနှစ်ယောက်လုံးမှာ စကားဟာက်ဟာက်ပက်ပက် မပြောလှသောကြောင့် အားမေးမြန်းကြည့်လို့လည်း မရကြပါချေ။

အကြီးမလေးက ပို၍ဆိုး၏။ လူတိုင်းအား မပ

ထို မွေးစားမိဘနှစ်စုံလုံးမှာလည်း ပစ္စည်းဥစ္စာ ပြည့်စုံသူများမို့ အားလုံးက ကလေးတွေကို ကံကောင်းတယ်ဟု မှတ်ချက်ပြုကြလေ၏။

"အရင်က သူတို့လေးတွေခမျာမှာ အမေဆုံး၊ အဖေဆုံးနဲ့ ဒုက္ခတွေရောက်ခဲ့ရသမျှ အခုတော့မှ အေးအေးချမ်းချမ်းနေကြရတော့မှာပဲ"

ဟူသော စကားတို့ကိုလည်း အားလုံးလိုလိုက သဘောတူညီဆိုဖြစ်ကြလေ၏။

သို့သော် ကံကြမ္မာဆိုသည်က ဘယ်သူမှ ကြိုမသိနိုင်သော အရာပင်တည်း။

✱

မွေးစားမိဘ တစ်ဘက်စီ ခွဲခြမ်းနေရသော်လည်း ကလေးနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်ခံနိုင်သူများ မဟုတ်ကြပါ။

အထူးသဖြင့် အကြီးမကလေးက သူမ၏ မောင်ဖြစ်သူထံ နေ့စဉ်လိုလို သွားတွေ့လေသည်။

အငယ်ကောင်လေးကလည်း အစ်မလာမှ ထမင်းစားတာမျိုး ပျော်ပျော်ရွှင်ရွှင်ရှိတာမျိုး ပြု၏။

အစပိုင်းမှာတော့ ထိုအတွက် ဘာမှ အနှောင့်အယှက်မရှိ။

''သံယောဇဉ်ကြီးရှာလွန်းသည့် မောင်နှမ''

ဟုပင် ဂရုဏာ သက်နေကြပေသေးသည်။ သို့သော်

နောက်ပိုင်းမှာတော့ မမျှော်လင့်သောကံကြမ္မာသည် သူတို့၏ သံယောဇဉ်အား ဆိုးရွားစွာ ဖျက်ဆီးနှောင့်ယှက်ခဲ့ပါတော့သည်။

*

အကြီးမလေးနှင့် အငယ်ကောင်လေးအား အသီးသီး မွေးစားထားကြသော မိဘများသည် စပါးပွဲစား အလုပ်ကို လုပ်ကြသူများဖြစ်၏။

လုပ်ငန်းချင်းတူသော်လည်း အစကတော့ ဘာ ပြဿနာမှ မရှိ။ သို့သော် စပါးဈေးကျသော နှစ်တစ်နှစ်မှာတော့ သူတို့ချင်း မကြည်မလင်ဖြစ်စရာက ပေါ်လာလေ၏။

စီးပွားရေးက ခက်ခဲလာတော့လည်း အချင်းချင်း အေးအေးလူလူမရှိကြတော့ဘဲ အပြိုင်အဆိုင်စိတ်ကလေးတွေ ဝင်လာကြသည်ပေါ့။

တစစဖြင့် အချင်းချင်း ပဋိပက္ခက ပိုလို့ပြင်းထန်၍လာသည်။ တစ်ရွာတည်းသားတွေချင်းဖြစ်လျက်က တစ်ယောက်ကို တစ်ယောက်လမ်းတွေလျှင်ပင် မခေါ်နိုင် မပြောနိုင်ကြတော့။

လူကြီးချင်း ပဋိပက္ခမှသည် ကလေးတွေကိုပါ မဲလာခဲ့သည်။

အငယ်ကောင်လေးကို မွေးထားသောအိမ်မှ အကြီးမလေးတို့ သည်ကို မကြည်ဖြူချင်တော့။

ထိုသတင်းကြားတော့ …

ဒီဘက်ကလည်း ပြန်တင်းမာ၏။

ကလေးမလေးအား ထိုအိမ် လုံး၀မသွားစေရတော့တဲ့၊
တစ်ချက်လွှတ် တားမြစ်ပါလေတော့သည်။

ဖေဖဖေဖ

## အတိတ် (၄)

"ကလေးနှစ်ယောက် ပျောက်သွားလို့တဲ့"

ထိုသတင်း ရွာထဲ ပျံ့လွင့်လာပြီး မကြာမီမှာပင် သူကြီး အိမ်မှာ အားလုံးလူစုကြလေတော့၏။

နှစ်ဘက်လုံးမှ မွေးစားမိခင်များမှာ မျက်ရည်လည်ရွဲ။ သူကြီးကတော့ အံတကြိတ်ကြိတ်ဖြင့် …၊

"အဲဒါပေါ့၊ လူကြီးချင်း ဖြစ်တဲ့ပြဿနာကို ကလေး တွေ ပေါ်မဲကြတော့ ခု ဒုက္ခဖြစ်ပြီ မဟုတ်လား၊ အလကား တစ်ရွာတည်းသားချင်းတွေ ဘာမဟုတ် တာလေးနဲ့ ရန်ငြိုးတွေဖွဲ့ကြ၊ မခေါ်နိုင် မပြောနိုင် တွေဖြစ်ကြနဲ့ ငါမပြောလိုက်ချင်ဘူး၊ ကြပ်ကြပ်သတိ

ထားကြနော်''

အခွင့်အရေးရခိုက် သူကြီးမှာ ဖိကာဆူလေတော့သည်။

သူကြီးကို ကြောက်လို့မို့ ဘာမှ ပြန်မပြောကြသော်လည်း ခုဖြစ်ရပ်ကိုပင် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်လိုဟန် ရှိကြလေ၏။

''ကျွန်တော်တို့လည်း ကိုယ့်ကလေးကိုယ် အကောင်းဆုံး ကျွေးမွေးပြုစုတာပါပဲ ခင်ဗျာ၊ ဒါပေမယ့် ...

ဟု အစချီကာ အပြန်အလှန် မဆုံးစတမ်း အပြစ်တွေ တင်ကြတော့ရန် စကားဦးသန်းလာသဖြင့် သူကြီးက တားမြစ်လိုက်ရ၏။

''ကဲ ကဲ တော်ကြတော့ ကျွဲပါးစောင်းတီးတွေ ငါပြောလည်း ရမှာမဟုတ်ဘူး ငြင်းခုန်ကြဖို့ မစကြနဲ့ ကလေးတွေ ပြန်ရှာဖို့သာ တိုင်ပင်ကြမယ်''

ထိုအခါတွင် တစ်ရွာလုံးက တစ်ယောက်တစ်ပေါက် အကြံပြုကြလေသည်။

တစ်ချို့ကတော့

''ကလေးတွေပဲ ဘယ်မှ ဝေးဝေးလံလံသွားနိုင်မှာ မဟုတ်ဘူး၊ ရွာထဲမှာပဲ နံ့အောင်ရှာကြည့်ကြမယ်''

ဟု အကြံပြုကြသည်။

သို့သော် ထိုကလေးများအားခေါ်ဆောင်လာခဲ့သော ကာလသားခေါင်း၏ အမြင်ကတော့ တစ်မျိုး။

"ကလေးတွေ သူတို့နဂိုအိမ်ကလေးဆီပြန်သွားကြ တာ ဖြစ်မယ်"

ဟု ဆိုလေ၏။

"ဟာ ဒီလောက်အဝေးကြီးကို ဒီလောက်ငယ်ငယ် ကလေးတွေ သူတို့ချည်း ဘယ်ပြန်သွားတတ်မှာလဲ"

ဟု ဝိုင်းပြောကြသော် ကာလသားခေါင်းမှာ ခေါင်းတစ် ချက် ဆတ်ရင်း ...

"ဟုတ်တယ် ဝေးတော့ ဝေးတယ်၊ ဒါပေမယ့် ဘာဖြစ်လို့လဲ မသိဘူး သူတို့တွေ အဲဒီရောက် သွားလိမ့်မယ်လို့ဘဲ ကျွန်တော့်စိတ်က ထင်နေ တယ်"

တကယ်တော့ ထိုနေရာက ရွာအပြင် ကုန်းတကြောကို ကျော်ကာ တောစပ်၌တည်ရှိသော အလွန်ကွာလှမ်းလှသည့် ရုံးပင်ဖြစ်ပါလေသည်။

လူကြီးတွေပင် တော်တော်လေး သွားမှရောက်မည်ဖြစ် ။ ကလေးနှစ်ယောက်တည်းအဖို့ အရောက်သွားဖို့ဆိုတာ

ဘယ်လိုမှ ဖြစ်နိုင်ဖွယ်မရှိ။

ထို့ကြောင့်ပင် ကာလသားခေါင်း၏စကားအား ပိုင်းဝန်းကန့်ကွက်ကြခြင်း ဖြစ်ပါလေသည်။

သို့သော် သူကြီးကိုယ်တိုင်က ထိုနေရာ သွားရှာချင်နေသဖြင့် အားလုံးထိုနေရာသို့ သွားဖြစ်ခဲ့ကြပါလေတော့သည်။

ဖဖဖဖဖ

## အတိတ်နိဂုံး ပစ္စုပ္ပန်

"ဟို တဲအိမ်ကလေးမှာ ကလေးနှစ်ယောက်ကိုပြန်တွေ့ကြလားဟင်"

ဇာတ်လမ်း၏ ထိုနေရာအရောက်တွင်နားထောင်နေသူတိုင်းမှာ ထိုသို့မေးမြန်းတတ်မြဲ ဖြစ်လေသည်။

အဖြစ်အပျက်အား ပြန်လည်ပြောပြနေသော ဘကြီး တောကလည်း ထိုနေရာအရောက်တွင် (နားထောင်သူများ စိတ်ဝင်စားတတ်မှန်းသိသဖြင့်) ခေတ္တ ရပ်နားထားတတ်မြဲ။

ကွမ်းတံတွေးတစ်ချက်အား ပျစ်ကနဲ ထွေးလိုက်ရင်း နားထောင်နေသူတို့၏ မျက်နှာများအား ဝေ့ဝဲကြည့်တတ်လေသည်။ ကဲ ဘယ်နှယ့်ရှိစ ကျုပ်ပြောတာ စိတ်ဝင်စားဖို့ မကောင်းဘူးလားဟု အမူအရာဖြင့်ဖော်ပြနေသည့် အလားပင်တည်း။

မချင့်မရဲဖြစ်သွားသော နားထောင်သူတို့က အလောသုံး
ဆယ် မေးသောအခါမှပင် ဘကြီးတောက သဘောကျသည့်
အဖွယ် ခေါင်းတဆတ်ဆတ်ညိတ်ကာ

"အိမ်း…တွေ့ကြတယ်ကွဲ့"

ဟု တစ်ခွန်းတည်း ပြန်ဖြေတတ်လေသည်။

"ကလေးတွေ ဘာမှ မဖြစ်ကြဘူးလားဟင်"

ဟု ဆိုသော် ခေါင်းခါလေသည်။

"ဒီလောက်အဝေးကြီးကို ကလေးတွေချည်း
ဘယ်လိုများ ရောက်သွားလဲ မသိဘူးနော်"

ဟု ဆိုသော် မသိဘူးလေဆိုသည့်သဘော ပခုံးသာ
တွန့်ပြလေ၏။ ပြီးတော့မှ ဘကြီးတောက ဆက်ပြောပြန်သည်။

"ဒီလိုနဲ့ ကလေးတွေကို ရှာပြန်ခေါ်လာပြီးတဲ့အခါ
မွေးစားမိဘတွေအသီးသီးက ပြန်ခေါ် သွားကြတာ
ပေါ့၊ နောက်တော့ …"

"နောက်တော့ ဘာဆက်ဖြစ်သေးသလဲ ဟင်၊
ဘကြီး"

အကြီးမလေးကို မွေးစားတဲ့မိဘတွေက မြို့ပြောင်းသွား
တယ်။

"ဟင် ဒါဆို ကလေးနှစ်ယောက် ကွဲသွားပြီပေါ့"

"ဒါပေမယ့် သိပ်မကြာပါဘူး"

"ဘာ ဘာ ဆက်ဖြစ်သေးလို့လဲ ဟင်"

"ကလေးနှစ်ယောက်... ပျောက်သွားကြပြန်တယ်"

"ဟင် ကလေးနှစ်ယောက်လုံး ပျောက်သွားတာလား"

"ဟုတ်တယ် နှစ်ယောက်လုံးပဲ မြို့ပြောင်းသွားတဲ့ မိဘတွေက ရွာပြန်လာရှာတယ်၊ ရွာမှာလည်း အငယ်ကောင်လေးက ပျောက်နေပြီ"

"ဟို ဟို တောစပ်က အိမ်ကလေးမှာ ပြန်မရှာကြဘူးလား ဟင်"

"အဲဒီအိမ်ကလေးက မရှိတော့ဘူး၊ ဟိုတစ်ခါ ကလေးနှစ်ယောက် အဲဒီပြန်သွားနေတာ သိကတည်းက ဖျက်လိုက်ကြပြီ၊ ဒါပေမယ့် ရှာတော့ ရှာကြည့်ကြပါသေးတယ်လေ"

"တွေ့လားဟင်"

"မတွေ့ဘူး၊ နောက်ထပ်ကလေးနှစ်ယောက်လုံး ဘယ်တော့မှကို မတွေ့ကြရတော့တာ"

"ဘယ်တော့မှ မတွေ့တော့ဘူး ဟုတ်လား၊ ဒါဆို လုံးဝပျောက်သွားတော့တာပေါ့"

"ဟုတ်တယ် တကယ်ကို အပြီးတိုင်ပျောက်ဆုံးသွားတော့တာ၊ အဲဒီအချိန်ထဲက စပြီး ကလေးနှစ်ယောက်လုံးကို ပြန်မတွေ့ကြတော့တာ အခု ထိပဲ"

နားထောင်နေသူအားလုံး အံ့သြထူးဆန်းစိတ်များဖြင့် းမောသွားကြလေသည်။

သို့သော် ဘကြီးတောပြောပြသော ဇာတ်လမ်းက ုံးမသတ်သေးပါချေ။

နောက်ထပ် ...

သူဆက်ပြောသော အဖြစ်တို့သည် ရှေ့က ဖြစ်ပျက်ခဲ့ တို့နှင့် ဆက်စပ်သည်ဟုလည်း ဆို၍ရသလို သီးခြားစီ ည်း ဆိုနိုင်ပါလိမ့်မည်။

သို့သော် ပို၍စိတ်ဝင်စားစရာကောင်းသည်ကတော့ ။

ဟို မောင်နှမတို့ ပျောက်ဆုံးသွားအပြီး နှစ်သုံးဆယ် လောက်မှ နောက်ထပ်အဖြစ်တို့ ဖြစ်ပေါ်လာခြင်း ဖြစ်လေ

ယင်းအဖြစ်အပျက်များကိုတော့ …

ဘုရားကုန်းရွာသား ဇနီးမောင်နှံဖြစ်သော ကိုဖုန်းခင်နှင့် မငွေမှုန်တို့မှ စတင်ရပေလိမ့်မည်။

ဖွဖွာတရွ

# ဆန်းပြားလှသော ထိုအိပ်မက်

[၁]

နွေတစ်နေ့၏ နံနက်ခင်းတစ်ခုတွင် မငွေမှုန် သည်
တုန်လှုပ်ချောက်ချားစွာ အိပ်ရာမှ နိုးထလာခဲ့ချေ ၏။

ဝုန်းခနဲ အိပ်ရာမှ ထထိုင်လိုက်အပြီး သူမ နံဘေးတွ
တရှူးရှူး အိပ်မောကျနေသော ခင်ပွန်းဖြစ်သူ ကိုဖုန်းခင်
အတင်းလှုပ်၍ နှိုးလေသည်။

"ကိုဖုန်းခင် ... ထ ... ထ၊ အမယ်လေး၊ ထပါဦး
တော်"

ကိုဖုန်းခင်မှာ နိုးလာလာချင်းပင် သူ့မိန်းမ အသွ
ကြောင့် ထိတ်လန့်တကြီး ဖြစ်သွားရ၏။

"ဘာ ... ဘာဖြစ်လို့လဲ ဟင်"

"ကျုပ် အရမ်းကြောက်စရာကောင်းတဲ့ အိပ်မက်ကြီး

တစ်ခု မက်လို့တော့''

''ဟာ ... အိပ်မက် မက်တာများကွာ၊ ဒီလောက် အသည်းအသန်ဖြစ်ရတယ်လို့''

ကိုဖုန်းခင်လေသံတွင် အပြစ်တင်လိုဟန်များ ပါနေသော်လည်း မငွေမှုန်မှာ ဂရုမစိုက်။ သူမ အိပ်မက်ကိုသာ ယခုတိုင် သတိရ၍ ကြောက်လန့်တကြီး ဖြစ်နေပုံရလေသည်။

''ကျွန်မလည်း တောသူပဲ၊ ဒီလောက် အသည်းငယ်တတ်တဲ့သူ မဟုတ်ပါဘူးတော်၊ ဒါပေမဲ့ အခုဟာက ...''

''ဘာတွေများ မက်လို့လဲကွာ''

''ရှင်အိပ်ပျော်နေတုန်း အနားမှာလူတစ်ယောက် ရောက်လာသလိုမျိုး ခံစားဖူးသလား''

''ဘာ ... လူတစ်ယောက် ရောက်လာတယ်၊ ဟုတ်လား''

''ဟုတ်တယ်၊ ခုဟာက တကယ့်ကို အပြင်မှာ ကိုယ့်ဘေးနား လူတစ်ယောက်ရောက်လာသလို ဖြစ်တာ''

''မင်းက အိပ်ပျော်နေတာ မဟုတ်ဘူးလား''

''ဟုတ်တယ်လေ၊ ဒါပေမဲ့ စိတ်က ကိုယ့်ဘေးနား

ကို လူလာရပ်မှန်း သိနေတယ်၊ အိပ်မက်လိုမျိုး
လည်း မျက်လုံးထဲမှာ သူ့ကို မြင်နေရတယ်"

ကိုဖုန်းခင်က မငွေမှုန်၏ နံဘေးသို့ ကြည့်လိုက်သည်။ သူမမှာ ပြတင်းပေါက်ဘက်ကျသော အခြမ်းတွင် အိပ်တတ်ခြင်း ဖြစ်သည်။

"ဩော် … မင်း ညက ပြတင်းပေါက်မပိတ်ဘဲ
အိပ်တာကိုး၊ ဒါကြောင့် ကြားမိကြားရာ ကြားပြီး
အိပ်မက်ဆိုးတွေ မက်နေတာနေမှာ"

"မဟုတ်ပါဘူးတော်၊ ကျွန်မ ညက ပြတင်းပေါက်
ကို သေချာပိတ်ပြီးမှ အိပ်တာပါ"

မငွေမှုန်၏ စကားကြောင့် ကိုဖုန်းခင်ပင် ထိတ်လန့်ချင် သလို ဖြစ်သွားခဲ့၏။ ညက တကယ်ပင် ပြတင်းပေါက်မှ တစ်ဆင့် တစ်စုံတစ်ယောက် သူတို့ဆီ ဝင်ရောက်လာခဲ့သလား။

"ကဲ … ဆက်ပြောစမ်းပါဦး၊ မင်းအဖြစ်၊ အဲ
… မင်းအိပ်မက်ကို"

"ကျွန်မဆီ ရောက်လာတဲ့သူက မိန်းကလေးရှင့်၊
သိပ်ချော သိပ်လှတယ်၊ အသားကလေးတွေကို
စိမ်းလို့ ကြည်လို့၊ ဝတ်ထားလိုက်တာလည်း တစ်
ကိုယ်လုံး အစိမ်းရောင်၊ ထက်အောက် ဝတ်စုံကအစ၊

ဆံထိုး၊ လက်ကောက်၊ ခြေနင်းဖိနပ် အားလုံး အစိမ်းတွေချည်းပဲ၊ ပြီးတော့ ရှေးက နန်းဝတ်နန်းစား လိုမျိုးပဲရှင့်၊ ဒါပေမဲ့ ... ဒါပေမဲ့ ...”

“ဒါပေမဲ့ ... ဘာဖြစ်သလဲကွ”

“ဟို ... သူ့ကျောပြင်တစ်ခုလုံးမှာ သွေးတွေနဲ့ ရွဲနစ်နေတာပဲ၊ အဲဒါကြောင့် ကျွန်မ ကြောက် တာပေါ့၊ ပြီးတော့ သူက ကျွန်မနားကို ရုတ်တရက်ကြီး ရောက်လာတာ”

“မင်းကို သူ ဘာလုပ်သေးလဲ”

“ကျွန်မတို့နဲ့ အတူနေပါရစေတဲ့၊ အဲဒီလို သူ ပြောသမျှတွေ အကုန်လုံးကို ကျွန်မက အပြင် မှာလို နားနဲ့ ဆတ်ဆတ်ကြားနေရတာနော်၊ ပိုး တိုးဝါးတား မဟုတ်ဘူး၊ သူ့ကိုလည်း တကယ့်ကို ထင်ထင်ရှားရှား ရှင်းရှင်းကြီး မြင်နေရတာ”

ယခုအခါ မငွေမှုန်၏ ထိတ်လန့်စိတ်မှာ ကိုဖုန်းခင် ကူးစက်လာခဲ့ပြီဖြစ်၏။

“မင်းက သူနေဖို့ကို လက်မခံလိုက်ဘူး မဟုတ်လားဟင်”

“ကျွန်မလည်း ဘယ်လက်ခံချင်ပါ့မလဲ၊ ဒါပေမဲ့

ငြင်းလို့မရဘူး၊ ပါးစပ်က အာစေး ထည့်ထားသလိုပဲ၊ လူကလည်း ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ဘာမှ လုပ်မရဘူးဖြစ်နေတယ်၊ အဲဒီအချိန်မှာ သူက ကျွန်မကို စူးစူးစိုက်စိုက်ကြည့်ပြီး ထပ်မေးတယ်"

ကိုဖုန်းခင်မှာ သက်ပြင်းချမိသည်။ မငွေမှုန် အိပ်မက်စဉ်က ခံစားနေရသလိုပင် သူပါ တုန်လှုပ် မွန်းကျပ်နေမိ၏။

"မင်း … မင်း လက်ခံလိုက်ရတာပေါ့"

"ဟုတ်တယ်၊ သူ့အကြည့်က သိပ်စူးတာပဲ၊ ဘယ်လိုမှ ငြင်းဆန်လို့မရအောင် အစွမ်းပြင်းတယ်၊ သူ့အကြည့်ကို ရင်ဆိုင်လိုက်ရတာနဲ့ ကျွန်မ ခေါင်းညိတ်လိုက်ရတော့တာပဲ"

"ဟင် …"

သူတို့အတွက် ဆုံးရှုံးမှု တစ်စုံတစ်ရာ တွေ့ကြုံ လိုက်ရသည့်ပမာ ကိုဖုန်းခင် ခံစားလိုက်ရ၏။ မငွေမှုန်က တီးတိုးတုန်ယင်စွာဖြင့် စကားကို ဆက်နေလေသည်။

"အဲဒီလို ကျွန်မ ခေါင်းညိတ်လိုက်ပြီးပြီးချင်းမှာပဲ သူက ဖျတ်ခနဲ ပျောက်သွားတယ်၊ ပြီးတော့လေ မျက်စိထဲမှာ ဂူဝကြီးတစ်ခုလိုလို ဘာလိုလို မြင်ရတယ်၊ ပန်းနံ့တွေလည်းရတယ်၊ ပြီးတော့ ထူးဆန်းတဲ့

သီချင်းသံတစ်ခုလည်း ကြားတယ်၊ ကျွန်မလေ ဘာလို့လဲ မသိဘူး၊ အဲဒါတွေ မြင်တဲ့အခါ သိပ်ကြောက်တာပဲ၊ ရင်ထဲ နှလုံးသားထဲမှာ စိမ့်ပြီးတော့ကို လန့်လာတာ၊ ဒါကြောင့် အတင်းအော်အလိုက်မှာ အိပ်ရာက လန့်နိုးလာခဲ့ရော"

မငွေမှုန် စကားဆုံးဆုံးချင်းပင် ကိုဖုန်းခင်က သူမလက်ကို လှမ်းယူဆုပ်ကိုင်လိုက်၏။ လက်ဖျားလေးများမှာ အေးစက်တုန်ရီနေကြလေသည်။ ဇနီးဖြစ်သူ အကြောက်ပြေစေရန် သူ ဖြေးဖြေးမမ ပြောပေးလိုက်သည်။

"ဒီလိုပါပဲကွာ၊ သွေးလေချောက်ချားလို့ နေမှာပါ၊ သိပ်စိတ်ထဲစွဲမထားပါနဲ့ မိန်းမရယ်"

"ကျွန်မကြားဖူးတာတော့လေ၊ အဲဒီလို အိပ်မက်မျိုး မက်ပြီးရင် ကလေးတွေဘာတွေ ရတတ်တယ်တဲ့"

"ကလေးရရောဘာဖြစ်လဲကွာ၊ တို့က ကလေး လိုချင်လို့တောင် ရူးနေတဲ့ဟာပဲ"

"ဒါပေမဲ့ ရမယ့်ကလေးက ..."

ပြောရင်း မငွေမှုန်၏ အသံမှာ တိမ်ဝင်၍ သွားလေသည်။

ကိုဖုန်းခင်က လက်ကာပြလျက် စကားကို ဝင်ရောက် အဆုံးသတ်လိုက်သည်။

"ကဲ ... ကိုယ်ပြောပြီးပါပကော၊ သိပ်စိတ် အစွဲအလန်းမထားပါနဲ့လို့၊ မင်းကလည်းကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ အိပ်မက်ပဲဟာ၊ အိပ်မက် ဆိုတာ ကြာရင်မေ့သွားတာပါပဲ၊ တကယ့်ဘဝနဲ့ တခြားစီပါကွာ"

သို့သော် သူ၏ထိုစကားများအား လုံးဝမှားယွင်း သွားရစေမည့် ဖြစ်ရပ်တစ်ခုသည် မကြာမီ ပေါ်ပေါက်လာ တော့မည်ဖြစ်မှန်း ကိုဖုန်းခင်တစ်ယောက် ထိုစဉ်က ကြိုတင် သတိမထားမိခဲ့ပါချေ။

၀၉၀၉၀၉

# ထူးခြားတဲ့မိန်းကလေး

[၂]

မငွေမှုန်မှာ ကိုယ်ဝန်ရှိနေပြီဟု ကြားကြားချင်း၌ ကိုဖုန်းခင်၏ တုံ့ပြန်မှုမှာ ပျော်ရွှင်ဝမ်းမြောက်ခြင်းသာ ဖြစ်ပါသည်။

သူတို့အဖို့ ကလေးလိုချင်စိတ်ဖြင့် ရူးနေခဲ့ရသည်မှာ အတော့်ကို ကြာခဲ့ပြီမဟုတ်လား။ ဒီကြားထဲမှာ မငွေမှုန်က တဖြည်းဖြည်း အသက်ကလေးရလာသည်မို့ သူတို့တော့ ဒီတစ်သက် သားသမီးမရနိုင်တော့ဘူးဟုပင် လက်လျှော့မိမလို ရှိနေခဲ့ကြသည်။

ထို့ကြောင့်ပင် ထိုသတင်း ကြားကြားပြီးချင်း၌ ကိုဖုန်းခင်က ...

"တို့တော့ လူ့ဘဝအမိပွာယ် ပြည့်စုံပြီဟော့"

ဟု လက်ခမောင်းခတ်သည်။ မငွေမှုန်က ပြုံးရင်း …

"ဒီကလေးက မိဘကို အကျိုးပြုမယ့်ကလေးတော့"

"ဟုတ်လား၊ ဘာလို့လဲ"

"ကျွန်မလေ၊ ကလေးလိုချင်လွန်းလို့ ဘုရားကုန်းစေတီမှာ သွားသွားဆုတောင်းလိုက်ရတာ အမောပဲသိလား၊ အဲဒါကြောင့် ဒီကလေး ရလာတာနေမှာ"

"ဟုတ်မယ် … ဟုတ်မယ်၊ ဒါဆို တို့ကလေးက ဘုန်းရှင်ကံရှင်လေးပဲ ဖြစ်ရမယ်ကွ၊ ဟား ဟား ဟား"

သူတို့လင်မယားနှစ်ယောက်အဖို့တော့ ပျော်စရာကောင်းဆုံး အချိန်အခါပင် ဖြစ်ပါချေသည်။

မငွေမှုန်၏ တစ်ခါက အိပ်မက်ကိုသာမက သူတို့ဆိုဘာမှ သတိမရတော့။

'သားဦး အရှုံး' ဟု ဆိုကြစမြဲ မဟုတ်လား။

အချိန်တန်တော့ မငွေမှုန်တစ်ယောက် ရှောရှောရှူရှူမီးဖွားခဲ့လေသည်။

ကလေးက မိန်းကလေး။

ငယ်စဉ်ကတည်းကပင် ချောမောလှပသည့် မျက်နှာကျ

ကလေးက ပေါ်လွင်နေ၏။

သို့သော် သူများကလေးတွေလို မွေးမွေးချင်း တစ်စက်မှ မငို။ သားဖွားဆရာမက တင်ပါးလေး ခပ်ဆတ်ဆတ် ပုတ်ပေး သည်ကိုပင် 'အဲ့'ခနဲအသံသာ တစ်ချက်ပြု၏။

ကလေးအား ချီပွေ့ရင်း သားဖွားဆရာမက အာမေဋိတ် သံတစ်ခု လွှတ်ခနဲ ထွက်သွားမိသည်။

"ဟယ် ကလေးကျောကုန်းမှာ အရှိုးရာကြီးတွေလို အမှတ်ကြီးငါးခုနဲ့ပါလား၊ ကေန္တ လူဝင်စားကလေးနဲ့ တူတယ်"

မငွေမှုန်က သားဖွားဆရာမလက်မှ ကလေးငယ်ကို တောင်းယူကြည့်ရှုလိုက်သည်။ ကလေး၏ မျက်လုံးများနှင့် ဆုံသောအခါ သူမသည်လည်း အာမေဋိတ်သံတစ်ခု ထွက်ပေါ် လာမိလေသည်။

"ဟင်"

ကိုဖုန်းခင်ကို မငွေမှုန်က ထိုအကြောင်း ပြန် ပြောပြဖြစ် သည်။

"သမီးရဲ့ မျက်လုံးတွေကို ကျွန်မ ရင်းရင်းနှီးနှီး မြင်ဖူးတယ် သိလား"

"ငါတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ တူလို့နေမှာပေါ့"

"ဟင့်အင်း ကျွန်မတို့က အဲဒီလောက်မှ အကြည့်မစူး တဲ့ဟာကို"

သို့သော် ထိုမှဆက်ကာ သူတို့ ဆက်မပြောဖြစ်ကြ တော့။

မစဉ်းစားလို၍ မေ့ဖျောက်ထားလိုက်မိကြခြင်းလည်း ဖြစ်ပါပေသည်။

ဖဖဖဖဖ

# မဆောင်းမိဟု ခေါ်ပါသည်

[၃]

သူတို့သမီးလေးကို မဆောင်းမိဆိုသောနာမည် မည်ကဲ့
သို့ တွင်သွားစေခဲ့မှန်း ကိုဖုန်းခင်တို့ မသိလိုက်ကြပါ။

သို့သော် အားလုံး၏ နှုတ်ဖျားတွင် ထိုနာမည်သာ စွဲတင်
နေလေတော့၏။

သမီးလေးကလည်း စကားတတ်စကတည်းက သူ့
နာမည်ကို မေးလျှင် ...

"မဆောင်းမိ"

ဟုသာ အမြဲပြန်ဖြေတတ်သည်။

သူ့အသားအရည်လေးကလည်း ဆောင်းနှင်းကလေးလို
ဖြင်နုဖတ်၍နေ၏။ ပြီးတော့ အဝတ်အစား၊ အသုံး အဆောင်
သမျှလည်း အဖြူဆွတ်ဆွတ်မှ ကြိုက်နှစ်သက်သဖြင့် ထို

နာမည်နှင့် လိုက်ဖက်ပါလေသည်ဟုသာ သဘောထားလိုက်ရတော့သည်။

ကလေးဘဝကတည်းကပင် မဆောင်းမိလေး၏ အပြုအမူက တခြားကလေးတွေနှင့် မတူဘဲ တစ်ဘာသာ ကွဲပြားလျက်ရှိသည်။

တဖြည်းဖြည်း အရွယ်ရောက်လာတော့ ပို၍ သိသာလာသည်။

တခြားကလေးတွေနှင့်အတူ ဘယ်တော့မှ မကစား။ အမြဲတစ်ယောက်တည်း တွေတွေငေးငေး နေလေ့ရှိ၏။

ငိုယိုခြင်းအလျဉ်းမရှိသလို ဘယ်တော့မှလည်းမလန့်တတ်။ သူမ၏ အကြည့်စူးစူးကိုတော့ အားလုံးကပင် ရင်ဆိုင်မကြည့်ဝံ့ကြချေ။

စကားနည်းလှသော်လည်း သူမ တစ်ခါတလေ ပြောတတ်သည်များမှာတော့ စကားထူး စကားဆန်းများ ဖြစ်၍နေလေသည်။

"အဘိုးက မှာတယ်၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့"

"ဒီနေ့ တောင်လမိုင်းနဲ့ မြောက်လမိုင်း ရောက်လာ

တယ်''

''ရွှေသေတ္တာ၊ ငွေသေတ္တာထက် ကျောက် သေတ္တာ အရေးကြီးတယ်''

''အခုအချိန်ဟာ ကလိယုဂ်ခေတ်ရဲ့ နောက်ဆုံး ကာလပဲ''

စသဖြင့် သူပြောသည်များအား မိဘနှစ်ပါးကပင် းမလည်နိုင်ခဲ့ကြ။

တစ်ကြိမ်မှာတော့ မဆောင်းမိလေးက သူ့အမေကို းထူးခြားခြား စကားတစ်ခွန်း ပြောခဲ့သည်။

''အငယ်က ပြောတယ်၊ သူလည်း လာချင်တယ်တဲ့''

''ဘယ်သူကလဲ သမီးရဲ့''

''အငယ်ကလေ ··· ဟိုမှာ သူပျင်းလို့တဲ့''

''ဘာတွေပြောနေတာလဲ သမီးလေးရယ်''

မငွေမှုန် ထပ်မေးသော်လည်း မဆောင်းမိကလေးက မှ ဆက်မပြောတော့ဘဲ ပြုံး၍သာနေ၏။

သိပ်မကြာခင်မှာပင် မငွေမှုန်ထံ၌ နောက်ထပ် ကိုယ်ဝန် ာခဲ့လေသည်။

# သီချင်းထဲက နိမိတ်များ

[၄]

မဆောင်းမိလေးအဖို့ ပြောင်းပြောင်းလဲလဲ ဖြစ်ခဲ့ရ
ည်မှာ သူ့မောင်လေး မွေးအပြီးတွင် ဖြစ်ပါသည်။

ယခုမှပင် သူ့မှာ ရွှင်ရွှင်ပျပျ ရှိလာခဲ့၏။

သူ့မောင်လေးကိုလည်း ဂရုစိုက်လိုက်ရသည်မှာ
မော။

လူကသာ အရွယ်မရောက်သေးသော်လည်း သူ့
ာင်လေးကိုမူ ကိုယ်တိုင်ထိန်းသည်။ မငွေမှုန်အဖို့ နို့တိုက်
မှလွဲ၍ လှည့်ကြည့်ဖို့ပင် မလို။ ကိုဖုန်းခင်တို့ အဖို့တော့…

"ငါ့သမီးလေးက လိမ္မာလိုက်တာ"ဟုပင် ဝမ်းသာ
းရ ဖြစ်ကြသည်ပေါ့။ ဒီသမီးလေး မွေးပြီးမှ စီးပွားကလည်း

အရမ်းတိုးခဲ့တာဆိုတော့ သူတို့မှာ မဆောင်းမိကလေးကို ဖူးဖူးမှုတ်ကာ ထားကြသည်။

သူ့မောင်လေးကိုလည်း မဆောင်းမိခေါ်သည့် အတိုင်း ...

'အငယ်'ဟုသာ လိုက်လံခေါ်ဝေါ်ခဲ့ကြလေသည်။

အချိန်အများစုပင် မဆောင်းမိလေးမှာ အငယ်နှင့် တပူးတတွဲတွဲ အမြဲရှိနေခဲ့သည်။

စားရင်လည်း အတူတူ။

အိပ်ရင်လည်း အတူတူ။

တစ်ခါတလေ အငယ်က အိပ်ချိန်တန်၍ မအိပ်သေးသည့်အခါမျိုးတွင် မဆောင်းမိက တင်ပါးလေးကို ပုတ်ကာ သီချင်းလေးတစ်ပုဒ်ကို အမြဲဆို၍ သိပ်တတ်သည်။

ယင်းသို့ မဆောင်းမိလေး ဆိုနေတတ်သော သီချင်းအား မငွေမှုန် ကြားမိသွားသည့်အခါတွင်တော့ အရမ်းအံ့သြသွားခဲ့ရလေသည်။

"ဟင် ... သမီးဆိုနေတာ ဘာသီချင်းလဲ"

"အဲဒါ သမီးသီချင်းလေ မေမေရဲ့"

"ဟို မေမေ အဲဒီသီချင်းလေးကို အရမ်းကြားဖူးတာပဲ"

မဆောင်းမိလေးက သူ့ထုံးစံအတိုင်း အသိရခက်လှ
သော မျက်နှာထားလေးဖြင့် ဘာမှဆက်မပြောတော့။
ငွေမှုန်ကသာ ...

“ကြားဖူးပါတယ်၊ အဲဒီသီချင်းကို ငါ သေသေချာချာ
ကို ကြားဖူးပါတယ်”

ဟုရေရွတ်ရင်း အတွေးရခက်နေလေတော့သည်။

ဖြစ်ဆဲအခြား

# လမ်းမှားသို့ စ၍ဦးတည်

[၅]

ဖအေဖြစ်သူ ကိုဖုန်းခင်အား မဆောင်းမိလေးက ထူးထူးဆန်းဆန်းစကားများ ပြောဖြစ်ခဲ့သည်မှာတော့ နောက်ထပ်နှစ်အနည်းငယ်အကြာတွင်ပင် ဖြစ်သည်။

ထိုစဉ်က …

ကိုဖုန်းခင်မှာ အလုပ်ကိစ္စနှင့် အပြင်သွားခါနီး ဆဲဆဲ။

မဆောင်းမိလေး မွေးအပြီး စီးပွားတက်လာခဲ့ ကတည်းက ကိုဖုန်းခင်တစ်ယောက် အလုပ်တွေ အစစပို၍ထွင် လုပ်ကိုင်လာလိုက်သည်မှာ ယခုတော့ အတော်ခရီးရောက်ခဲ့ပြီဖြစ်သည်။

ရလေလေ လောဘဇောက ပို၍တက်လာလေလေ။

ယခင်က စပါးပွဲစားသဖွယ် လုပ်ကိုင်ခဲ့ရာမှ ယခု မွေးမြူရေးတွေပါ လုပ်ကိုင်လာသည်။

မွေးသည်ကလည်း ဝက်နှင့် ငါးကြင်း။

ဝက်ခြံ၏အောက်တွင် ငါးကြင်းကန် တူးထား၏။ မြတ်စွန်းသလောက် အကုသိုလ်တော့ အလွန်ပင်များရသည်။

ဒီကြားထဲ ရွာမှာ ငွေတိုး အဆမတန်ယူကာ ချေးစားတာမျိုးလည်း လုပ်သေး၏။ တကယ်တမ်း မြိုးမြိုးမြက်မြက်ရမည်သာဆိုလျှင် ဘယ်အလုပ်ကိုမဆို သူ လုပ်ဖို့ ဝန်မလေး။

တစ်ကြိမ်က …

လူလေးယောက် လာရောင်းသော ရှေးဟောင်း ပစ္စည်းများကိုပင် ဝယ်မည်လုပ်သဖြင့် မနှင်းမှုန်နှင့် စကားများရသေးသည်။

"သူတို့ဟာက ဘယ်ကရလာမှန်းလည်း မသိဘူး"

ဟု မငွေမှုန် တားမြစ်သော်လည်း …

"ဈေးခပ်ချောင်ချောင်နဲ့ ရမှာကွ"

ဟု လုပ်နေသေး၏။

"ဥပနာတိုက် ဖောက်လာတာမျိုးဆို ဘယ်လို လုပ်မလဲ၊ သူတို့ပုံစံတွေကြည့်ရတာ သူခိုးတွေလိုလို၊

သိုက်ဆရာတွေလိုလိုနဲ့"

"ကိုယ်မယူရင် သူများယူသွားလိမ့်မယ်ကွ"

"အို ... ယူပေ့စေတော်၊ ရှင် မဟုတ်တာ မလုပ်မိရင် ပြီးတာပဲ"

တော်တော်ပင် တင်းတင်းမာမာ ပြောယူရလေ၏။

ကိုဖုန်းခင်မှာ အတော်ပင် ပြောင်းလဲနေခဲ့လေပြီ။

စီးပွားရေးကောင်းသလို အပေါင်းအသင်းကလည်း စုံလာတော့ လူက သောက်သောက်စားစားနှင့် အတော်လေးလည်း ပျက်ချင်လာခဲ့၏။

ထိုသို့ရှိနေစဉ် ...

တစ်နေ့၌

ဆောင်းမိလေးက ကိုဖုန်းခင်အား ထူးထူးဆန်းဆန်း စကားများကို ပြောဖြစ်ခဲ့ခြင်း ဖြစ်လေသည်။

သူမက ...

အပြင်ထွက်ခါနီးဆဲဆဲဖြစ်နေသော ကိုဖုန်းခင် ရှေ့သို့ ...န်းခနဲ သွားဝင်ရပ်လိုက်သည်။

"ဘာလဲ သမီးရဲ့"

ကိုဖုန်းခင်မှာ မဆောင်းမိ၏ အကြည့်စူးစူးလေးကို

မြင်သဖြင့် မေး၏။ မဆောင်းမိလေးက ဘာမှမပြောသေးဘဲ ရှုတည်တည် ဆက်ကြည့်နေသည်။

"အဖေ့ကို ဘာမှာမလို့လဲဟင် … သမီး"

ကိုဖုန်းခင်မှာ ပြုံးရင်း ထပ်မေးသော်လည်း မဆောင်းမိ၏ တုံ့ပြန်စကားကတော့ အတော်ထူးခြားပါသည်။

"ဖေဖေ မှားနေပြီ"

"ဟင် … ဘာလဲသမီးရဲ့"

"ဖေဖေ မှားနေပြီ"

ကိုဖုန်းခင်မှာ မဆောင်းမိ၏စကားကို နားမလည်။

သို့သော် ခါတိုင်းလည်း ထူးထူးဆန်းဆန်း စကားများကို ပြောနေကျမို့ ထိုအတိုင်းပင် ထင်လိုက်မိသည်။

အပြင်သွားရဖို့လည်း အချိန်က နီးနေပြီမို့

ဘာမှ ဆက်မပြောတော့ဘဲ မဆောင်းမိခေါင်းလေးကို ပွတ်ကာ …

"ဖေဖေ သွားဦးမယ်နော် သမီး"

ဟု ထွက်သွားခဲ့လိုက်သည်။

နောက်ပိုင်းတွေမှာလည်း မဆောင်းမိလေးက ထိုအတိုင်း လေးကြိမ်တိတိ ကိုဖုန်းခင်ကိုပြောဖြစ်သည်။

သို့သော် သူပြောတိုင်းပင် ကိုဖုန်းခင်မှာ အလုပ် ရှုပ်

နေတာမျိုး၊ စိတ်မအားမလပ် ဖြစ်နေတတ်တာနှင့် ကြုံကြုံနေ
သဖြင့် အရေးမစိုက်မိ။

ပြီးတော့ မဆောင်းမိမှာ ငယ်ငယ်လေးကတည်းက
းမလည်နိုင်စရာ အပြုအမူတွေ အမြဲလုပ်နေ၊ ပြောနေကျ
ဟုတ်လား။

နောက်ဆုံးတစ်ကြိမ်မှာဆိုလျှင် မဆောင်းမိက

"ဒီအတိုင်းဆို အဖေနဲ့ သမီးတို့တော့ အိုးစား
ကွဲတော့မှာပဲ"

ဟုပင် ပြောခဲ့ဖြစ်သည်။

သို့သော် ဖြစ်ချင်တော့ ထိုအချိန်မှာ ကိုဖုန်းခင်က
သာက်စားထားသဖြင့် အတော်လေး မူးယစ်နေချိန် ဖြစ်နေခဲ့
သည်။

မဆောင်းမိစကားထဲမှ ထူးခြားမှုကို သူ လုံးဝ မမြင်မိ
က်ဘဲ ...

"ဘာတွေ ပြောနေတာလဲ သမီးရယ်"

ဟု ပြောရင်း အတင်းပွေ့ယူ ချီဆော့လိုက်သဖြင့်
ဆောင်းမိပြောသမျှမှာ အရာမထင်ဘဲ ဖြစ်သွား ရလေတော့
သည်။

# ဘုရားကုန်းက မြွေ

[၆]

မဆောင်းမိလေး ပူဆာလွန်းမက ပူဆာသဖြင့် ရားကုန်းစေတီသို့ ကိုဖုန်းခင် လိုက်ပို့ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

"ဘယ်လိုလုပ်ပြီးများ ဘုရားလာချင်စိတ် ပေါ်လာ ပြန်တာလဲ သမီးရယ်"

"ကုသိုလ်ကောင်းမှုလုပ်ချင်လို့ပါ ဖေဖေ"

ထို့နောက် မဆောင်းမိလေးအသွင်က တစ်ခုခု ပြောချင် ဟန် ရှိသေးသော်လည်း နှုတ်ခမ်းလေး တင်းတင်းစေ့ကာ မှဆက်မပြောတော့။

မငွေမှုန်က အိမ်မှာ 'အငယ့်'ကိုထိန်းကာ ကျန်ခဲ့သည်မို့ းအဖနှစ်ယောက်တည်းသာ ဘုရားကုန်းပေါ် ဖြည်းဖြည်းတက် ခဲ့လေသည်။

စေတီတော်အား လှမ်းမျှော်ကြည့်ရင်း ကိုဖုန်း ခင်က ပြောပြ၏။

"သမီးလေး မမွေးခင်ကဆို သမီးမေမေက ကလေး လိုချင်လို့ ဒီဘုရားမှာ ခဏခဏ လာ ဆုတောင်းခဲ့, တာပေါ့၊ အဲဒီနောက်မှာပဲ သမီးလေးကို ရလာတာ၊ ဒါကြောင့် ဖေဖေတို့က သမီးကို အကျိုးပေးမယ့် ကလေးလို့ မွေးစကတည်းက သတ်မှတ်ထားကြ တာ"

"သမီးသိပါတယ် ဖေဖေရယ်"

ထို့နောက် ဘုရားကုန်းတော်ပေါ် ရောက်သည့်အခါ မဆောင်းမီလေးမှာ အိမ်က အသင့်ယူဆောင်လာသော ဆီမီး၊ ပန်း၊ ရေချမ်းများကို ဆင်းတုတော်ရှေ့သို့ သွားရောက်ကပ်လှူ သည်။

ထို့နောက် ဘုရားဝတ်ပြုရန် ကျုံ့ကျုံ့လေးထိုင်ရင်း …

"သမီး ဘုရားရှိခိုးပြီး အမျှဝေရင် သာဓုခေါ်ပါနော် အဖေ"

ဟု ကိုဖုန်းခင်ကို ပြောလေသည်။ ကိုဖုန်းခင် ကတော့ အမှုမဲ့ အမှတ်မဲ့ပင် …

"ဩော် … အေး အေး …သမီး"

ဟုဆိုရင်း ဘုရားကို ကဆုန်ပေါက် ဦးချလိုက်လေ၏။

သူ ဘုရားရှိခိုးသည်က ခဏနှင့် ပြီးသွားသည်။

နံဘေးမှ ကျုံ့ကျုံ့လေး ဝတ်ပြုနေသော သမီး ဖြစ်သူကို
ိုင်ကြည့်ရင်း ပီတိတွေ ဖြစ်မိ၏။ ခုနစ်နှစ် ကျော်ကျော်အရွယ်
လေးသာ ဖြစ်သော်လည်း မဆောင်းမိလေး ဘုရားဝတ်ပြုနေ
ကကျုံ့ကျုံ့ရုံ့ရုံ့လေးနှင့် တကယ် ကျက်သရေရှိလှသည်။

ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဘာတွေ ရွတ်ဖတ်
သည်မသိ။

ခဏမျှ ထိုင်ကြည့်အပြီးတွင် ဘုရားရင်ပြင်တော်တစ်
တ် အညောင်းပြေ အညာပြေ လျှောက်ရန် ကိုဖုန်းခင်
ထွက်လာခဲ့သည်။

အစကတော့ ရင်ပြင်တော်ကို ခပ်ဖြည်းဖြည်း တစ်ပတ်
တ်ပြီး သမီးလေးဘေးမှာ ပြန်ထိုင်စောင့်ဖို့ ဖြစ်ပါသည်။

သို့သော် တစ်နေရာအရောက်တွင် မြင်လိုက်ရသော
င်ကွင်းကြောင့် သူ့ခြေလှမ်းများ ရပ်တန့်သွားရ၏။

ဘုရားကုန်းတော်အစွန် တောစပ်တစ်နေရာ၌ ဂူပေါက်
ခုကို ထူးဆန်းစွာ မြင်တွေ့လိုက်မိ၍ ဖြစ်ပါသည်။

ဒီရွာသားမို့ ဒီဘုရားကို အကြိမ်ကြိမ်ရောက်ခဲ့ ဖူးသော်လည်း ထိုဂူပေါက်ရှိနေမှန်း ယခင်က တစ်ခါမျှ သတိမပြုမိဖူးခဲ့။

မျက်စိများ မှားသလားဟု သတိထားကြည့်သော်လည်း ထိုဂူပေါက်မှာ မြင်ကွင်းရှေ့၌ တကယ့် ထင်ထင်ရှားရှားပင် ဖြစ်သည်။

သားရဲတစ်ကောင်၏ အစွမ်းကုန် ဟဖြဲထားသော ပါးစပ်လိုပင် ဂူပေါက်တည်နေပုံက ဆန်းလှသည်။

အတွင်းမှလည်း စိမ်းဖန့်ဖန့်အလင်းများလိုလို ဖြာထွက်နေလေ၏။

ရှေ့တိုးသွားကြည့်ရကောင်းမလား စဉ်းစားသည်။ သို့သော် တိုးမသွားရဲ။

နောက်ဆုတ်ထွက်သွားရအောင်ကလည်း ဂူပေါက်ဝ၏ မြင်ကွင်းနှင့် အလင်းက စိတ်အာရုံကို ကြီးမားစွာ ဆွဲဆောင်၍ ထားလေ၏။

ထိုစဉ်မှာပင် မဆောင်းမိလေး လှမ်းပြောလိုက်သော…

"အဖေရေ … သမီးပြုသမျှ ကောင်းမှု ကုသိုလ်တွေ အတွက် အမျှဝေခဲ့ပါတယ်၊ အမျှ … အမျှ အမျှယူပါနော်"

ဟူသော အသံကို ကြားလိုက်ရသည်။ ခုနက သူ့သမီး

ပြောထားခဲ့သော သမီးအမျှဝေရင် သာဓုခေါ်ပါဟူသည့် ကားကို သတိရသွားမိ၏။

စိတ်ထဲတွင် သူ ရပ်နေသည်မှာ မဆောင်းမိလေး အနားမလှမ်းမကမ်းမှာ ဖြစ်လိမ့်မည်ဟု ထင်လိုက်မိသည်။ အကြည့်မှာတော့ ဂူဝ မြင်ကွင်းမှ လွှဲဖယ်မရ။

ထို့ကြောင့် လှည့်မကြည့်ဘဲနှင့် သာဓုခေါ်လိုက်သည်။

"အေး ... အေး၊ သာဓုပါ သမီးလေးရယ်၊ သာဓု ... သာဓု"

သူ့သာဓုခေါ်သံဆုံးချင်းပင် ...

အဝေးတစ်နေရာမှ လူတစ်ယောက် ငိုသံလိုလို၊ ခတ် က် ဖွင့်သံလိုလို သီချင်းသံတစ်ပိုင်းတစ်စ ပျံ့လွင့်လာခဲ့သည်။ ျက်ချင်းပင် နှာဝ၌ ပန်းရနံ့များလည်း မွှေးပျံ့လာခဲ့၏။

ဘာကြောင့်ရယ်မသိ။

တုန်လှုပ်စိတ်သည် ခြေဖျားလက်ဖျားများမှ ငယ်ထိပ် ို့တိုင် ပျံ့နှံ့၍သွားသည်။

မလွှဲမဖယ်စတမ်း ကြည့်နေမိသော ဂူဝဆီမှ အလင်းရောင် တစ်ချက် လက်ခနဲ မြင်လိုက်ရ၏။

နောက်ဘက်ဆီမှာတော့ သစ်ပင်ပြိုလဲသံကြီး လိုလို န်းခနဲ။

ဖျတ်ခနဲ မဆောင်းမိလေးအတွက် စိတ်ပူသွားမိ၏။

အနှောင်အဖွဲ့မှ ရုန်းသလို အကြည့်ကို ဂူဝဆီမှ အတင်းလွှဲဖယ်ပြီးနောက် လှည့်၍ ပြေးသည်။ ထိုအခါမှပင် သူရောက်နေသည်မှာ မဆောင်းမိနှင့် အတော်လှမ်းနေသော ဘုရားကုန်းတော် တစ်ဖက်ခြမ်းတွင် ဖြစ်နေမှန်း သတိပြုမိလိုက်လေသည်။

အမောတကောပင် ဆက်ပြေးလာရင်းက ပါးစပ်မှလည်း တကြော်ကြော် ခေါ်လာခဲ့သည်။

"သမီးလေးရေ ... သမီး"

မဆောင်းမိလေးဆီမှ တုံ့ပြန်သံ မကြားရသည့်အခါ ပို၍ စိတ်ပူသွား၏။ အသံတွေ ပြာသွားမတတ် ဆက်ကာ အော်သည်။

"သမီးရေ မဆောင်းမိ"

ပြေးနှုန်းကိုလည်း အစွမ်းရှိသလောက် ပို၍ တင်၏။ သို့သော် ကိုယ့်ကိုယ်ကို အားမရ။ လျှပ်စီး လက်သလို ဖျတ်ခနဲ ရောက်ချင်လှ၏။

ဘုရားစေတီအကွေ့သို့ အလျှင်အမြန်ပင် ရောက်လာခဲ့သည်။

မ

ကို ဆန့်ထုဝ.

ဘယ်

သို့သော်

မဆောင်းမိ

ခုနရှိနေခဲ့သေ

နေသည်ကို မြင်ရတော့မှ

"သြော် ... သူ ဥက်ရောက်လာသူ

ငါ့ခေါ်တာ ပြန်မင

ကိုယ့်ဘာသာ မှတ်

လျှောက်လာခဲ့သည်။

ထိုစဉ်မှာပင် စိတ်မချမ်း

သူ မြင်တွေ့လိုက်ရခြင်းဖြစ်၏။

စွတ်စွတ်ဖြူနေသော မြွေကြီးတ

မဆောင်းမိလေးအနီးမှ လျှောတိုက်ထွက်

သည်။

ကိုဖုန်းခင်မှာ ...

'ဟင်' ခနဲ ဖြစ်သွားပြီး မဆောင်းမိ ရှေ့တည့်တ

သချာသွားကြည့်လိုက်မိ၏။

ဖျတ်ခနဲ မဆောင်းမိလေးအတွက် စိတ်ပူပျက်။

အနှောင်အဖွဲ့မှ ရုန်းသလို အကြည်
အတင်းလွဲဖယ်ပြီးနောက် လှည့်၍ ပြေးသည့်နိုင်ရှာတော့မည်
သူရောက်နေသည်မှာ မဆောင်းမိနှင့် ဒ
ဘုရားကုန်းတော် တစ်ဖက်ခြမ်းတွင် ဖြစ်
လေသည်။

အမောတကောပင် ဆက်
လည်း တကြော်ကြော် ခေါ်လာခဲ့

"သမီးလေးရေ ... သ

မဆောင်းမိလေးဆီမှ
ပို၍ စိတ်ပူသွား၏။ အသံ
အော်သည်။

"သမီးရေ မ

ပြေးနှုန်း

သို့သော်
ရော

ဘ

# ကစားဖို့အတွက်ရောက်လာသူ

[၇]

မဆောင်းမိလေး ရုတ်တရက် သေဆုံးသွားရသည့် အကြောင်းအား သူ့မောင်လေး အငယ်အား ဘယ်သူကမှ မပြောဖြစ်ကြ။

သူတို့မောင်နှမက အရမ်းချစ်သည် မဟုတ်လား။

ထို့ကြောင့်ပင် ကလေး စိတ်မကောင်းမည်စိုး၍ တတ်နိုင်သမျှ ဖုံးဖိထားရန် ဆုံးဖြတ်ကြ၏။

သို့ပါလျက် မဆောင်းမိလေး ရက်လည်သော နေ့၌ အငယ်က မငိုစဖူး ရုတ်တရက်ထ၍ …

"မမ … မမ … မသွားပါနဲ့၊ ပြန်လာခဲ့ပါ မမရယ်"

ဟု လွမ်းလွမ်းဆွေးဆွေး ထငိုသည့်အခါ အားလုံးပင် တအံ့တဩ ဖြစ်သွားကြလေ၏။ မငွေမှုန်မှာ မျက်ရည်ဝဲရင်း

...

"သားလေးရယ် ... မငိုပါနဲ့"

ဟု ချော့မော့ နှစ်သိမ့်သည်။ အငယ်က သူ့ အမေအား မပီကလာဖြင့် မေး၏။

"မမ ဘယ်သွားတာလဲဟင်"

"ဘယ်မှမသွားပါဘူး သားရယ်၊ ပြန်လာမှာပါ"

"သူက ... သားကို လာခေါ်မှာလားဟင်"

ထိုစကားကိုတော့ မငွေမှုန် ပြန်မဖြေနိုင်အောင် ဖြစ်ခဲ့ရပါလေ၏။

မဆောင်းမိလေး ဆုံးပြီးကတည်းကပင် အငယ်မှာ တွေတွေငေးငေးလေး ဖြစ်၍သွား၏။

မိဘတွေက သူနှင့်အတူ အဖော်လုပ် ဆော့ကစားရင်း သူ့ကိုထိန်းဖို့ မငွေမှုန်၏ ညီမဝမ်းကွဲ ကျော့မေဆိုသော ကောင်မလေးကို ခေါ်ထားပေးသော်လည်း သူ့အစ်မ မဆောင်းမိကိုသာ သတိရနေပုံရ၏။

သူ့အစ်မနှင့်အတူ ဆော့ကစားခဲ့ဖူးသော အရုပ် ကလေးများ ရှေ့ချကာ တစ်ယောက်တည်း ထိုင်ကာသာ ဆော့နေလေ့ရှိသည်။ ယခင်က သူ မပီကလာ ပီကလာ အသံလေးဖြင့်

တွတ်တီးတွတ်တာတွေ ပြောတတ်သလောက် ယခုစကားလည်း နည်းသွား၏။

မိဘတွေမှာ စိတ်မကောင်းဖြစ်ရသည်ပေါ့။

"ဘယ်တော့များမှ အရင်လို သွက်သွက်လက်လက် ပြန် ဖြစ်လာပါ့မလဲ"

ဟုသာ မျှော်လင့်တကြီး စောင့်ကြည့်ခဲ့ရ၏။

သို့သော် ...

လူကြီးများ မျက်ကွယ်၌ ...

အငယ်တစ်ယောက် ဟက်ဟက်ပက်ပက် ရယ်ကာ ပျော်ရွှင်နေသည့်အဖြစ်ကိုမူ ကျော့မေတစ်ဦးသာ မမျှော်လင့်စွာ မြင်တွေ့လိုက်ရလေသည်။

✸

အစကတော့ ကျော့မေမှာ 'အငယ်' နှင့်အတူ ဝင်ကစား
ပေးဖို့ ဖြစ်ပါသည်။

သို့သော် နောက်ဘက်မှ လျှောက်လာရင်း အငယ်၏
ူးခြားသောအသွင်အပြင်ကြောင့်သူ့ခြေလှမ်းများ နှေးကွေးသွား
ရ၏။

အငယ်မှာ အိမ်နောက်ဖေးကွပ်ပျစ်ပေါ်တွင် ထိုင်ဆော့
ခြင်းဖြစ်၏။

သို့သော် တစ်စုံတစ်ယောက် သူ့ရှေ့မှာ ရောက်နေသလို
် တက်တက်ကြွကြွ ဖြစ်နေလေ၏။

ကျော့မေဆီမှ အမြင်တွင် အငယ့်ကိုယ်လုံးကွယ်နေ
ဖြင့် ရှေ့ဘက်၌ ရှိနေသူကို မမြင်ရ။ သို့သော် အငယ်မှာ
နှင့် အလွန်ရင်းနှီးသူတစ်ယောက်ကို တွေ့နေသလိုပင် ဝမ်း
ြာက်ဝမ်းသာ ဖြစ်နေလေသည်။

ရယ်ကာမောကာနှင့် စကားတွေ ပြန်ပြောလျက် တစ်ခါ တလေ လက်ခုပ်လက်ဝါးလေးများပင် တီးနေလိုက်သေး၏။

ပထမတော့ အိမ်နီးနားချင်း တစ်ယောက်ယောက် ရောက်နေသည်ဟု ကျော့မေ ထင်လိုက်မိသည်။

သို့သော် ထိုလူ၏ လှုပ်ရှားမှုကလေးမျှ မမြင်၍ အံ့ဩ မိ၏။ ဒီလောက် ကလေးငယ်ရဲ့ ခန္ဓာကိုယ် သေးသေးလေးက ကွယ်နေရုံနဲ့တင် ထိုသူ၏ ကိုယ်လုံး တစ်စွန်းတစ်စကိုမျှ မမြင်ရ တော့ဘူးလား။

ဆက်လျှောက်လာသော်လည်း ထိုသူ့ကို ကျော့မေ လုံးဝ မမြင်ရသေး။

ထိုစဉ်မှာပင် အငယ်ထံမှ ရယ်မောရင်း ပြော စကား များ၌

'မမ ... မမ'

ဟူသော ခေါ်သံ တစ်စွန်းတစ်စကို ကြားလိုက်ရ သည့်အခါမှာတော့ ကျော့မေရင်ထဲ ထိတ်ခနဲ ဖြစ်သွားရလေ တော့သည်။

ရှေ့သို့ ခပ်သွက်သွက် လျှောက်သွားလိုက်ပြီး ပါးစပ် ကလည်း ...

"ဘယ်သူနဲ့ ဆော့နေတာလဲဟင် သား"

ဟု မေးလိုက်မိလေသည်။

ထူးဆန်းလှပါပေသည်။

အငယ် ရှေ့မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်တွေ့နေ
ပြီဖြစ်သော်လည်း လူတစ်ဦးတစ်ယောက်မျှ ရှိမနေခဲ့။

ပို၍ထူးဆန်းသည်ကတော့ အငယ်၏ တုံ့ပြန်ပုံပင်
ဖြစ်လေသည်။

ရုတ်တရက် ...

ဆတ်ခနဲ ပြန်လှည့်ကြည့်လာသော အငယ့် မျက်လုံး
လေးများမှာ စူးရှလွန်းလှ၏။

ဒေါသနှင့် အပြစ်တင်လိုဟန်ကလည်းအပြည့်။

ဝင်နှောင့်ယှက်ရန်ကောဟူသော အဓိပ္ပာယ်လည်း
ပါ၏။

သို့သော်

သုံးနှစ်ခွဲမျှသာ ရှိသေးသော အငယ်၏ ထို အကြည့်များ
ကြောင့် ...

အပျိုပေါက်လေးပင် ဖြစ်နေသည့် ကျော့မေမှာ ...

ကြက်သီးတဖြန်းဖြန်းထကာ နေရာမှ ရွေ့မရအောင်ပင်
ဖြစ်သွားခဲ့ရလေတော့သည်။

# ဘုရားကုန်းကခေါ်သံ

[၈]

မဆောင်းမိလေး ဘုရားကုန်းပေါ်တွင် ဖြစ်ပျက်ခဲ့ဖူးသော အကြောင်းခြင်းရာများအား ကျော့မေမှာ သေသေချာချာ မသိရှိခဲ့ပါ။

ထို့ကြောင့်ပင် လူကြီးများမရှိခိုက် အငယ်ပူဆာသည့်အခါ ဘုရားကုန်းသို့ လိုက်ပို့ပေးရန် ရှောရှောရှူရှူပင် သဘောတူခဲ့ပါသည်။

သူ့ ဘုရားကုန်းပေါ်တွင် ဘုရားဝတ်ပြုပြီးချိန်အထိတော့ အားလုံး အေးအေးဆေးဆေးပင် ဖြစ်သည်။

ဘုရားရှိခိုးအပြီး နေရာမှ ထတော့ …

အငယ်ကို ရှာမတွေ့တော့။

“ဒီကောင်လေး ဘယ်များသွားပါလိမ့်”

ဟု နည်းနည်းပူပန်လျက် ရှာမိသည်။

‘အငယ်ရေ’

ဟု ခေါ်ကြည့်သော်လည်း ပြန်မထူးသဖြင့် ပိုစိုးရိမ်သွား
မိ၏။

ဘုရားရင်ပြင်တော်တစ်ပိုက် ခပ်သွက်သွက် လျှောက်
ိုက်တော့မှ ရင်ပြင်တော် အစွန်းတစ်ခုတွင် ရပ်ကာ တောစပ်
ာစ်နေရာဆီ ငေးနေသော အငယ့်ကို မြင်တွေ့လိုက်ရလေသည်။

“ဟော့ ... အငယ်ရေ၊ ပြန်ကြရအောင်”

ဟု လှမ်းပြောလိုက်သည်။

အငယ်က သူ့ဘက် တစ်ချက်လှမ်းကြည့်သော်လည်း
ာမှ မတုံ့ပြန်ဘဲ ယခင်အတိုင်း ပြန်လှည့်၍ သွားသည်။

အနားတိုးကပ်ရင်း ...

“ပြန်ကြရအောင်လေ အငယ်”

ဟု သူ့လက်ကလေးကို ကိုင်ဆွဲလိုက်သည့်အခါ အငယ်
 ဖျတ်ခနဲ ရုန်းထွက်သွားလေ၏။

“ဘာလို့လဲ သားသားရဲ့”

“ဟိုမှာ မမက သားသားစားဖို့ သရက်သီး ယူလာ

ပေးလိမ့်မယ်၊ သူ သွားယူနေတယ်”

ကျော့မေမှာ ထိတ်လန့်သွားကာ ဘေးဘီဝဲယာ လျှောက်ကြည့်မိသည်။ ပြီးတော့ အငယ်ကို ဆတ်ခနဲ ကောက်ချီလိုက်ပြီး ...

“လာပါ သားရယ်၊ ပြန်ကြရအောင်”

ဟု ခြေလှမ်းကို ပြင်၏။

ထိုနေရာမှ ကျောခိုင်းစလျှောက်စဉ်မှာပင် လူသံလိုလို၊ ဓာတ်စက်သံလိုလိုနှင့် အဝေးတစ်နေရာမှ သီချင်းသံ တစ်ပိုင်းတစ်စ ပျံ့လွင့်လာလေ၏။ တစ်တောလုံး ပန်းရနံ့များလည်း ရုတ်ချည်း မွှေးပျံ့လာ၏။

အစက ရှန်းကန်ချင်သလိုရှိရာမှ အငယ်မှာ ချက်ချင်း ပြောင်းလဲ၍သွားသည်။

သူ့လက်လေးနှစ်ဖက်အား ရှေ့ဘက် တဖြည်းဖြည်း ဆန့်ထုတ်လိုက်သည်ကို ခံစားလိုက်ရ၏။

နောက်ကနေ သူ့ကို တစ်ခုခု လှမ်းပေးသူ ရှိ နေခဲ့သလား။

ဒါဆို ကျော့မေ၏ ကျောဘက်မှာ တစ်စုံတစ်ယောက် ရောက်နေလို့များလား။

လက်ကလေးက တဖြည်းဖြည်း ဆန့်ထုတ်လှမ်းနေဆဲ။

ကျော့မေမှာ ကြက်သေသေ၍ နေလေသည်။

ရင်တွေလည်း တဒိုင်းဒိုင်း အခုန်မြန်နေမိ၏။

ကိုယ့်နောက်တွင် တစ်ယောက်ယောက် ရောက်နေသလို ခံစားမှုမှာ အတော် ကျောချမ်းစရာ ကောင်းပါသည်။ မဖြစ်။

အငယ့်ကိုတော့ သူပေးမည့်အရာ ရရှိသွားစေလို့ မဖြစ်။

အံကို တင်းတင်းကြိတ်ကာ ဆုံးဖြတ်ချက် အမြန်ချလိုက်သည်။

စိတ်ကို အစွမ်းကုန် အားတင်းကာ ကလေးကိုတင်းတင်းပိုက်လျက် နောက်သို့ ဆတ်ခနဲလှည့်သည်။

ဘာကို မြင်ရမြင်ရ ရင်ဆိုင်ဖို့ အသင့်ပြင်ထား လိုက်သည်။

သို့သော် သူ့အနီး၌ ဟူးခနဲ လေပြည်တစ်သုတ် ဖြတ်တိုက်သွားသည်ကိုသာ ခံစားလိုက်ရလေသည်။

ဝန်းကျင်တစ်ခုလုံး ရုတ်တရက် ငြိမ်ကျသွားသည်။

သီချင်းသံလည်း ရပ်တန့်သွား၏။

ပန်းရနံ့တွေလည်း ဆက်မရတော့။

ကျော့မေမှာ အငယ့်ကို တင်းတင်းချီပွေ့လျက် အမောဆို့ဓတတ်ပင် ပြေးထွက်လာခဲ့မိလေတော့သည်။

# ပုခက်ပေါ်က ပဟေဠိ

[၉]

နောက်တစ်ကြိမ် ကြုံရသည်မှာတော့ အငယ် ကိုယ်တိုင်က လာပြောပြခြင်း ဖြစ်သည်။

ထိုအချိန်တွင် အတူနေခဲ့သည်မှာ အတော်လေးကြာသွားခဲ့ပြီဖြစ်၍ အငယ်မှာ ကျော့မေအား "ဒေါ်လေး၊ ဒေါ်လေး" ဟု ခေါ်လျက် အတော်ရင်းနှီးနေခဲ့ပြီ ဖြစ်သည်။

အိမ်နောက်ဖေးတွင် ပန်းကန်ခွက်ယောက်တွေ ဆေးနေသော ကျော့မေထံ အငယ်က တဒုန်းဒုန်း ပြေးချလာသည်ကို မြင်သောအခါ အစက လှမ်း၍ပင် စ နောက်နေမိသေး၏။

"အမယ်လေး ... လဲပါ့မယ် သားသားရယ်၊ ကြောင်ကလေး ကျနေတာပဲ၊ ပြေးလာလိုက်တာ

မြန်မှမြန်''

အငယ့်မျက်နှာက ပြုံး၍ နေလေသည်။ ကျော့မေကို အတင်းလက်ဆွဲခေါ်သည်။

''ဒေါ်လေး၊ လာကြည့် ... လာကြည့်''

''ဘာလဲ သားသားရဲ့''

''အိမ်ရှေ့မှာ၊ အိမ်ရှေ့မှာ''

ကလေးက အတင်းလက်ဆွဲခေါ်နေသဖြင့် ကျော့မေမှာ ဆေးကြောလက်စများအား ချထားကာ အိမ်ရှေ့ဘက်သို့ တပြုံးပြုံးလိုက်လာခဲ့ဖြစ်သည်။

သို့သော် အငယ် ဆက်ပြောသည်များကြောင့် သူမမျက်နှာ သိသိသာသာ ပျက်ယွင်းသွားရလေ၏။

''မမရောက်နေတယ် ဒေါ်လေးရဲ့''

အငယ့်ကို ထိတ်လန့်တကြား လှမ်းဟန့်သည်။

''ဟဲ့ ပေါက်တီးပေါက်ရှာ၊ ဘာတွေပြောနေတာလဲ သားသားရယ်''

''မမက သားသားပုခက်ပေါ်မှာ တက်စီးနေတယ်''

အငယ့်စကားကြောင့် ပုခက်ကို မဝံ့မရဲ လှမ်းကြည့်လိုက်မိသည်။

လေဝှေ့၍လား မသိ။
ပုခက်ကတော့ သိသိသာသာ လှုပ်၍နေလေသည်။

ဖြစ်တော့လေ

# တားဖို့ဆီးဖို့ လုပ်ကြပြီ

[၁၀]

ကိုဖုန်းခင်နှင့် မငွေမှုန်တို့အဖို့ ရွာထဲရှိ တတ် ကျွမ်းနားလည်သူများနှင့် တိုင်ပင်ဖြစ်သည်မှာ ကျော့မေ၏ တိုက်တွန်းမှုကြောင့်လည်း ဖြစ်ပါလေ၏။

တချို့က …

“သူ့ အရမ်းချစ်တဲ့ အစ်မ ရုတ်တရက် သေသွားတာမို့ နှလုံးမငြိမ်ဘဲ ဖြစ်သွားရတာပါ”

ဆို၍ မြန်မာဆေးဆရာများနှင့် ကုသဖြစ်၏။

တချို့ကျတော့လည်း …

“ဘာပဲဖြစ်ဖြစ် အန္တရာယ်ကင်းအောင် သိုက်ကြိုးတွေ ဘာတွေဖြတ်၊ အရုံအတားတွေ ဘာတွေ လုပ်ပေါ့”

ဆိုသဖြင့် ရွာမြောက်ပြင်မှ ဆရာတစ်ယောက်ထံ

ရောက်ဖြစ်ခဲ့သည်။ သူက အစီအရင်တချို့ ပြုလုပ်ပေး၏။

ရွာဦးကျောင်းဆရာတော်ထံ လျှောက်သောအခါမှာလည်း အငယ်လည်ပင်းမှာဆွဲဖို့ ချည်မန်းကွင်း ပေးသနားတော်မူသည်။ ပိတုန်းရုပ်လေးရုပ်ကို ခြံထောင့်လေးခုမှာ မြှုပ်နိုင်း၏။

ပြီးတော့ နောက်ထပ် ပိတုန်းရုပ်ကြီးတစ်ခုကို အထူးပြုလုပ်ပေးပြီး အတွင်း၌ ပြဒါးသွင်းကာ ပေးသည်။

ကိုဖုန်းခင်ကိုယ်တိုင်ပင် ထိုပိတုန်းရုပ်ကို ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းအနီးရှိ ပိတုန်းပဒိုင်း မုနိအထိ သွားရောက်ထိတို့ကာ ရွတ်ဖတ်ဆုတောင်းခြင်း ပြုခဲ့ရလေသည်။

မည်သည့်အကျိုးသက်ရောက်မှုကြောင့်ပေလော မသိ။

အငယ်တွင် ဖြစ်ပေါ်နေသော ထူးထူးဆန်းဆန်းကိစ္စများ အတန်ကြာ ငြိမ်သက်သွားခဲ့တာတော့ အမှန်ပဲ ဖြစ်လေသည်။

**ဖ္ဖ္ဖ္ဖ္ဖ္**

# ကယောင်ကတမ်းပြောစကား

[၁၁]

နောက်ထပ် သုံးလကျော်အကြာ နေ့တစ်နေ့မှာတော့ 'အငယ်'မှာ အိပ်ပျော်နေရင်းသားမှ ကယောင်ကတမ်း ထအော်ခဲ့သည်။

"မမ … မမ"

ဟု ကြေကြေကွဲကွဲ အော်ရင်း နိုးလာသဖြင့် လူကြီးတွေက ဝိုင်းဝန်းချော့မြှူကြသည်။

အငယ်မှာ ဝမ်းပန်းတနည်း ငိုရှိုက်လေတော့၏။

"မမ လာလို့မရဘူး၊ သူ ဝင်လို့မရဘူးတဲ့၊ အီး … ဟီး … ဟီး …"

နောက်တစ်ခေါက်ကျတော့ အငယ်က ပြောပြန်သည်။

"သူလာလို့မရရင် သားကိုပဲ ခေါ်သွားတော့မယ်တဲ့၊ ဟိုမှာ ပျော်စရာကြီးလို့ ပြောတယ်၊ သားသား သွားချင်တယ်၊ သားသား သွားချင်တယ်"

မည်သို့ပင်ဖြစ်စေ ...

ကိုဖုန်းခင်နှင့် မငွေမှုန်တို့အဖို့ သူတို့ စွမ်းနိုင်သလောက် လုပ်ဆောင်ခဲ့ပြီးပြီမို့ အငယ်မှာ ဒီထက် ပိုဆိုးမလာနိုင်တော့ဟုပင် ထင်မှတ်မိ၏။

ယခုလို ကြုံနေရသည်များမှာလည်း ယခင်ကလောက် ပြင်းထန်တော့သလို ယခင်လိုလည်း မကြာခဏ ဖြစ်ပေါ်ခြင်း ရှိတော့ပြီ မဟုတ်လား။

တဖြည်းဖြည်းနှင့် အငယ့်မှာ ဒီလိုအဖြစ်များ ပျောက်ကွယ် သွားလိမ့်မည်ဟုပင် ထင်မြင်ယူဆထားလိုက်မိ၏။

ယင်းမှာ သူတို့၏ အမှားပင် ဖြစ်ပါလေသည်။

ဖေဖေဝါဝ

# မရဏာရွာက မောင်နှမ

[၁၂]

ပထမဆုံး အငယ် စတင်၍ ဖျားသည်။ ဖြစ်ချင်တော့ ထိုအချိန်မှာ ကိုဖုန်းခင်ရော မငွေမှုန်ပါ အလုပ်ကိစ္စများဖြင့် အိမ်မှာမရှိ။

ကျော့မေမှာ လျင်မြန်စွာ တရိပ်ရိပ်တက်လာသော အငယ်၏ ကိုယ်ပူချိန်ကို စောင့်ကြည့်ရင်း တစ်ယောက်တည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရလေ၏။

ကလေးက ကယောင်ကတမ်းတွေပင် ပြောလာခဲ့၏။

"မမဆီ သွားမယ်"

ဟု ထပ်တလဲလဲ ပြောသည်။

အိမ်မှာရှိသော ဆေးမြီးတိုပေါင်းစုံကို ကျော့မေ တိုက်ကျွေးကြည့်သော်လည်း သက်သာမလာ။

လူကြီးတွေ ပြန်ရောက်ချိန်မှာတော့ အငယ်မှာ သတိမရ တစ်ချက် ရတစ်ချက်ပင် ဖြစ်နေခဲ့လေ၏။

ကိုဖုန်းခင်က ကမန်းကတမ်း ဆေးဆရာ ပြေးခေါ်သည်။ ဆေးဆရာစမ်းသပ်ကုသနေစဉ်တစ်လျှောက်၌ အငယ်က ပြတင်းပေါက်အပြင်သို့သာ လှမ်းမျှော်ကြည့်နေလေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် အငယ် ယခုအိပ်နေသည်မှာ မဆောင်းမိလေး မွေးခါနီးက မငွေမှုန် အိပ်မက်ဆိုးမက်ခဲ့သော အိပ်ရာနေရာပေါ်မှာ ဖြစ်နေခဲ့သည်။

ပြီးတော့ နောက်ထပ် တိုက်ဆိုင်သည်က ဒီနေ့မှာ မဆောင်းမိလေး သေဆုံးခဲ့ပြီး တစ်နှစ်တိတိ ပြည့်သောနေ့။

အငယ်မှာ ပြတင်းအပြင်သို့ လှမ်းကြည့်နေရင်းက မျက်နှာတဖြည်းဖြည်း ပြုံးလာခဲ့သည်။

ပါးစပ်က တီးတိုးဖြင့် ...

ပါတယ်။ ပက်လက်ကုလားထိုင်ပေါ် သူမက ထိုင်ချ လိုက်ပြီး မျက်လုံးကို မှိတ်လိုက်ပါတယ်။

* * *

သူမ မျက်လုံးဖွင့်လိုက်တော့ သူမရဲ့ ရှေ့က ဆိုဖာပေါ်မှာ ကင် ထိုင်နေတာ တွေ့လိုက်ရပါတယ်။ သူက ရယ်စရာတစ်ခုနဲ့ သူမကို လှမ်းကြည့်နေပါ တယ်။ အပြုံးတစ်ပွင့်နဲ့ သူ့နှာခေါင်းဟာ တွန့်နေပြီး သူ့ရဲ့ ဖြူဖွေးတဲ့ သွားတွေဟာ လင်းလက်နေပါတယ်။

'ဘာလုပ်နေတာလဲ နိုရာ၊ မျက်နှာဖုံးတပ်ဖို့ လုပ်နေတာလား'

လို့ သူက မေးလိုက်ပါတယ်။

သူမက သူ့ကို ကြည့်လိုက်ပါတယ်။ တစ်ကိုယ် လုံး ဦးခေါင်းက ခြေဖျားအထိ အေးစိမ့်သွားပါတယ်။

'ကင်... ကင်... ရှင် ဟုတ်ရဲ့လား'

'တစ်ယောက်ယောက်ကို မျှော်နေတာလား'

"ဟော ... မမလာပြီ ... မမလာပြီ"

ဟု ဝမ်းမြောက်ဝမ်းသာပြောသည်။

ကိုဖုန်းခင်၊ မငွေမှုန်နှင့် ကျော့မေတို့ သုံးယောက်လုံး၏ နားထဲ၌ သီချင်းသံလေး တစ်ပိုင်းတစ်စကိုပင် ကြားလာရသလိုလို၊ ပန်းရနံ့တွေ မွှေးပျံ့လာသလိုလိုလည်း ခံစားမိ၏။

ပြတင်းတံခါးအပြင်တွင် လေပြင်းတစ်ချက် သုတ်ခနဲ တိုက်ခတ်သွားခဲ့၏။

လေအရှိန်ကြောင့်လား မသိ။ ပြတင်းတံခါးမှာ ရုတ်တရက် ဝုန်းခနဲ ပွင့်သွားခဲ့သည်။

အငယ်အား စမ်းသပ်နေသော ဆေးဆရာက မရတော့ဘူးဆိုသည့်သဘော ခေါင်းခါသည်။

ကိုဖုန်းခင်က ပြတင်းတံခါးပိတ်ရန် လက်လှမ်း၏။ သို့သော် ခြေလှမ်းပျက်သွားသလိုပင် ဖင်ထိုင်ရက် ပြန်လဲကျမိ၏။

အငယ်က အတင်းအသံလေးကို ညှစ်ကာ ...

"မမရေ ... မမ"

ဟု အော်ခေါ်လိုက်သည်။

ဘယ်လိုဖြစ်သွားသည် မသိ။ တစ်ချိန်လုံး ကြိတ်ငိုနေခဲ့သော မငွေမှုန်မှာ …

"ရက်စက်လိုက်တာ သမီးလေးရယ်"

ဟု လွှတ်ခနဲ ပြောထွက်သွားလေသည်။

အငယ်မှာ သူ့အမေဘက်သို့ နှစ်သိမ့်သလို တစ်ချက်လှမ်းကြည့်ပြီးမှ ပြတင်းဘက်ဆီ လက်ကလေး တစ်ဘက်ကို လှမ်းရင်း …

"မမ"

ဟု အော်ကာ …

'အင့်'ခနဲဇက်ကလေးလည်၍ ကျသွားလေတော့၏။

လေရှိန်ဖြင့်ပင် ပြတင်းတံခါး ပြန်ပိတ်၍ သွားသည်။

ကိုဖုန်းခင်၊ မငွေမှုန်နှင့် ကျော့မေတို့မှာ ပြိုင်တူလိုပင်ငိုချလိုက်ကြတော့သည်။

အဝေးဆီတွင် သီချင်းသံလေး တစ်ပိုင်းတစ်စ ပျံ့လွင့်နေဆဲ …

ပန်းရနံ့များလည်း ပြင်းပြင်းပြပြ မွှေးမြနေဆဲ … ဖြစ်လေတော့သည်။

(ဇာတ်သိမ်း)

## BONUS NOVEL

**The Depature by Selma Robinson**

**translated by Dattha Kyaw Swar**

# ထွက်ခွာခြင်း

ဆရာဝန်က စိတ်ပူပန်စိုးရိမ်နေပါတယ်။ သူမ က သူ့ကို စကားပြောလိုက်တော့ သူက သူ့ခေါင်းကို ရမ်းပါတယ်။

'စကြိုပေါ်က လူကို ခင်ဗျား သိတယ်လို့ ထင် ရင် ဘာဖြစ်လို့ စကားမပြောခဲ့တာလဲ'

သူက မေးလိုက်ပါတယ်။

နိုရာက ဇီဇဝါပန်းပွင့်ပါတဲ့ သူမရဲ့ တွီဒ်ထည် ဝတ်စုံ ဝတ်ထားပြီး စိတ်ကသိကအောက်နဲ့ ထိုင်နေပါ တယ်။ မကြာသေးခင်ကပဲ သူ့ကို အဖြစ်အပျက်တွေ အကုန်လုံး သူမက ရှင်းပြခဲ့ပါသေးတယ်။

'ကျွန်မ သူ့ကို ပြောချင်ပါတယ်၊ ဒါပေမဲ့ ကြောက်လို့ပါ'

လို့ ငြိမ်းငွေ့စရာကောင်းအောင် ပြောပါတယ်။

'နောက်ပြီး သူ့ကို ပြောမယ်လို့ စိတ်ဆုံးဖြတ်လိုက်တော့ ကျွန်မဟာ ရထားပေါ်မှာ ဖြစ်နေပါတော့တယ်၊ သူက စကြံပေါ်မှာ ကျန်ခဲ့တယ်၊ သူက ကျွန်မကို တစ်ခုခု ပြောလိုက်ပါတယ်။ ဒါပေမဲ့ မကြားလိုက်ဘူး'

ဆရာဝန်က သူ့ခေါင်းကို ရမ်းပြန်ပါတယ်။

'စကြံပေါ်မှာ ဘယ်သူမှမရှိဘူး၊ ခင်ဗျားရဲ့ နာမကျန်းမှုတွေပါပဲ၊ ခင်ဗျားရဲ့ ဒုက္ခပဲ၊ အဲဒီလူဟာ ခင်ဗျားရဲ့ စိတ်ထဲမှာပဲ ရှိနေတာ၊ ခင်ဗျားရဲ့ချစ်သူကို စကြံပေါ်မှာ တွေ့ခဲ့ပြီး သူ့ဆီက တစ်ခုခု ခင်ဗျား ကြားရတယ်လို့ ခင်ဗျား ထင်နေတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ အာသာရယ်၊ ဒါတွေအားလုံးဟာ ခင်ဗျားရဲ့ စိတ်နာမကျန်းမှုတွေပါပဲ၊ ကျွန်တော့်ကို ယုံပါ၊ ခင်ဗျား လိုရောဂါမျိုး အများကြီးတွေ့ခဲ့ဖူးပါတယ်၊ နောက် သုံး၊ လေးလကြာပြီး ခင်ဗျား နေကောင်းသွားတဲ့အခါ ကျွန်တော် ပြောတာ မှန်တာ ခင်ဗျားသိလိမ့်မယ်'

သူမက စိတ်ဓာတ်ကျတဲ့ သက်ပြင်းရှည်ကြီး

ချလိုက်ပြီး လွန်ခဲ့တဲ့နာရီပိုင်းက ဖြစ်ပျက်ခဲ့တာတွေကို အကုန်လုံး သိရှိနိုင်ဖို့ ကြိုးစားနေပါတယ်။ ဖြည်းဖြည်း ဆေးဆေး ကျကျနန သူမက ပြောပါတယ်။

'ဆရာ နားလည်ပုံမရဘူး၊ ကျွန်မ ဘာမှစိတ် မကူးပါဘူး၊ သူ့ကို တွေ့ခဲ့ပါတယ်၊ သူ့မျက်နှာကို ကျွန်မ သိပါတယ်၊ သူ့ဟန်ပန်အမူအရာကို ကျွန်မ သိပါတယ်၊ အဲဒီနေ့ဟာ ကျွန်မတို့ မင်္ဂလာဆောင်မယ့် နေ့ဆိုတာ မှတ်မိမယ်ထင်ပါတယ်၊ ကျွန်မ စကြံပေါ် စပြီး ရောက်တော့ အဲဒီမှာ သူ မရှိဘူး၊ ကျွန်မ ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြီး ရထားကို စောင့်နေပါတယ်၊ နောက်တော့မှ ရုတ်တရက် သူ့ကို တွေ့ပါတယ်၊ သူက ထိုင်နေပါတယ်၊ သူ အိတ်တွေ ထုပ်ပိုးထားပြီး သူ့ခြေထောက်ဘေးမှာ ချထားပါတယ်၊ ကျွန်မ လမ်းလျှောက်ပြီး ပြန်အလှည့်မှာ သူ ရောက်လာခဲ့တာ ဖြစ်မယ်'

'ကျွန်တော် သိပါတယ်၊ သိပါတယ်'

လို့ ဆရာဝန် ဝါလ်ဒရွန်က ကရုဏာနဲ့ ပြော

လိုက်ပါတယ်။

'ဒါ ကျွန်တော့်ကို ပြောခဲ့တာ သုံးခါရှိပြီ၊ သူ့ရဲ့ မျက်လုံးတွေထဲမှာ ဆန်းကြယ်ပြီး မယဉ်ကျေးတဲ့အသွင်တွေကို တွေ့လိုက်ရလို့ ခင်ဗျား ကြောက်ရွံ့သွားခဲ့တယ်၊ သူ့ကို ခင်ဗျား စကားပြောနိုင်ဖို့ ကြိုးစားရင်း ခေါက်တုံ့ခေါက်ပြန်ပဲ လျှောက်နေခဲ့တယ်၊ ခင်ဗျားကို စိုက်ကြည့်ပြီး ခေါ်နေတဲ့သူရဲ့ မျက်လုံးတွေကို ခင်ဗျား သတိပြုမိခဲ့ပေမယ့် ကြောက်ရွံ့နေခဲ့တယ်၊ နောက်တော့ ခင်ဗျားစီးမယ့် ရထား ဝင်လာပြီးတော့ ခင်ဗျား တက်လိုက်တယ်၊ ဘူတာရုံက ရထားထွက်သွားတော့ သူ့နှုတ်ခမ်းတွေ လှုပ်နေတာ မြင်ရပြီး သူပြောနေတာတွေ ဘာမှန်းမသိပေမယ့် သူ့အသံကို ခင်ဗျား ကြားနိုင်ခဲ့တယ်၊ မဟုတ်ဘူးလား'

နိုရာက ခေါင်းညိတ်ပါတယ်။

'ဟုတ်ကဲ့… ဒါပေမဲ့ဗျာ၊ ခင်ဗျား ရှင်းပြချက်ဟာ လုံးဝမဖြစ်နိုင်တာ ခင်ဗျားကို ပြောပြနေမှာပဲ၊ ခင်ဗျားပြောတဲ့ ခင်ဗျားရဲ့လူဟာ လွန်ခဲ့တဲ့ ၆ လက

သေသွားခဲ့ပြီဗျ၊ ခင်ဗျားက ဒီလိုပဲ ခဏခဏ ပြောခဲ့တယ်၊ သေသွားတာ ၆ လရှိပြီ၊ သတိထားစဉ်းစားပါဦး၊ သူ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ’

သူမက ဆရာဝန်ကို မယုံသလို ကြည့်လိုက်ပါတယ်။

‘ဆရာ နားမလည်သေးပါဘူး၊ ဒီနေ့ဟာ ကျွန်မတို့ မင်္ဂလာဆောင်တဲ့နေ့ ဖြစ်ရမှာ၊ ဒီနေ့မှာ ကျွန်မတို့ လက်ထပ်ကြမှာ၊ ဒါကြောင့် သူ အဲဒီမှာ ရှိနေခဲ့တာပေါ့၊ ကျွန်မက သူ့ကို စကားပြောရဲခဲ့မယ်ဆိုရင် အခု ဘာလုပ်ရမယ်ဆိုတာ ကျွန်မ သိမှာပါ၊ ဘာမှ မပြောပါနဲ့တော့ ဆရာရယ်’

ဆရာဝန် ဝါလ်ဒရွန်က သူမလက်ကို ကိုင်လိုက်ပါတယ်။

‘မိန်းကလေး၊ ကျွန်တော် အများကြီး ပြောပြနိုင်တယ်၊ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ကို နားထောင်ရမယ်၊ ကျွန်တော်ပြောတာတွေကို ယုံရမယ်၊ ခင်ဗျားထက် ကျွန်တော် ပိုပြီးသိပါတယ်ဗျာ၊ သူ သေသွားခဲ့

တယ်ဆိုတာ ခင်ဗျား လက်ခံပါ၊ နောက်ဆုံးမှာ ခင်ဗျား သူ့ရှိနေခဲ့တာ ဟုတ်ပါတယ်၊ သူ့အသုဘကို ခင်ဗျား သွားခဲ့တယ်၊ တကယ်ဖြစ်ခဲ့တာတွေ ခင်ဗျားသိတယ်၊ ဒါကြောင့် စကြံပေါ်မှာ သူ့ကို တွေ့ခဲ့တယ်ဆိုတာ မဟုတ်နိုင်ဘူး၊ ခင်ဗျားရဲ့ ချို့တဲ့နွမ်းလျနေတဲ့စိတ်က ဖန်တီးတာပဲ ဖြစ်ရမယ်၊ ဒီည ခင်ဗျား မောပန်းနေတယ်၊ ခင်ဗျားရဲ့ မျက်လုံးတွေမှာ ကျွန်တော် မြင်တွေ့ရတယ်၊ ကျွန်တော် မမြင်ချင်ဘူးဗျာ...

'မနက်ကျတော့ ခင်ဗျား အနားယူနေတဲ့အခါ မတူကွာခြားတဲ့ အဲဒီနေ့ကို ခင်ဗျားရယ်မိလိမ့်မယ်၊ အဲဒီနေ့ဟာ ခင်ဗျားတို့ လက်ထပ်တဲ့နေ့ ဖြစ်ခဲ့မယ်ဆိုတဲ့ အဖြစ်ဆိုးကို သောကရောက်နေတဲ့ ခင်ဗျားရဲ့ အခြေအနေက လက်ခံနိုင်မှာ မဟုတ်ပါဘူး၊ ဘာလဲဆိုတာ ကျွန်တော် ပြောပြမယ်၊ ဒီနေ့ည ခင်ဗျားဟာ ပျော်တတ်ရွှင်တတ်တဲ့ မိတ်ဆွေတစ်ယောက်နဲ့ ညစာစားနေတယ်၊ အဲဒီမိတ်ဆွေက ခင်ဗျားကို ရယ်မောအောင်လုပ်တယ်၊ အဲဒီနောက် ဇာတ်ရုံတစ်ရုံကို သွား၊ သဘောကျ ပြုံး

ရယ်စရာတွေကို ကြည့်၊ အဲဒီနောက် ကခုန်ဖို့ တစ်နေရာကို သွားပါ၊ ကျေနပ်သလောက် နေပါ၊ ခင်ဗျား မောပန်းပြီး အရမ်းအိပ်ချင်သွားလိမ့်မယ်'

သူ့ရဲ့ ကြောင်တောင်တောင် ဆင့်ခြင်တုံတရားမရှိမှုကို သူမက ပြုံးပါတယ်။ စိတ်အပြောင်းအလဲဖြစ်စေမှုတွေနဲ့ သူက ပြောဆိုကုသနေခဲ့တာ သုံးလရှိပါပြီ။ ဘာကြောင့် ဆရာဝန်တွေဟာ ဖွတ်တရွတ်နဲ့ ပြောရခက်နေကြတာလဲ။ ဘာကြောင့် စဉ်းစားဉာဏ်ကင်းဝေးနေရတာလဲ။ ပြဇာတ်တိုင်းမှာ လူစွမ်းကောင်းနဲ့ အမျိုးသမီး လူစွမ်းကောင်းတို့ ရှိပါတယ်။ ကောင်မလေးနဲ့ ကောင်လေး ဖြစ်ပါတယ်။ ချစ်ကြ၊ ကြိုက်ကြမယ်။ တီးတိုးပြောကြမယ်။ သူမနဲ့ ကင်တို့လိုပေါ့။ ကင်၊ သူမ မျက်မှောင်ကြုတ်သွားပါတယ်။ စားသောက်ဆိုင်တွေမှာ တူရိယာဝိုင်းတွေက အချစ်သီချင်းတွေ တီးမှုတ်ကြပါတယ်။ ဝတ္ထုတွေမှာလည်း ချစ်ကြ၊ ကြိုက်ကြတာတွေချည်းပါပဲ။ အသိမိတ်ဆွေတွေထဲမှာ ကင်လိုမိတ်ဆွေမရှိခဲ့ပါဘူး။ လောလောလတ်လတ် ရရှိထား

တဲ့ ဒဏ်ရာကို ဓားနဲ့ နွာချလိုက်သလိုပါပဲ။ ဒါပေမဲ့ သူမက ဆရာဝန်ကို ပြောပါတယ်။

'ဒါဟာ အကြံကောင်းတစ်ခုပဲ'

သူက သူမရဲ့လက်ကို ခပ်ဖွဖွပုတ်လိုက်ပြီး…

'ကောင်းသောညပါ'

လို့ ပြောသွားပါတယ်။ သူမရဲ့ မျက်နှာမှာတော့ စိုးရိမ်ပူပန်မှုကလေး ပေါ်လွင်နေပါတယ်။ သူဟာ စိတ်နှလုံးကောင်းသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အရိုးဆုံးကိစ္စတွေကိုတော့ သိမြင်နိုင်သူ မဟုတ်ပါ။

အပြင်ဘက် လမ်းပေါ်မှာ မှောင်စပြုနေပါပြီ။ အဆောက်အအုံ တိုက်တာတွေ မဲပြာမှိုင်းနေပါတယ်။ လမ်းပေါ်မှာ ကားတွေ ပြေးလွှားဆူညံနေပါတယ်။ လူတွေ ခပ်သုတ်သုတ်နဲ့ နိုဝင်ဘာလရဲ့ လေပြင်းကို ကြံ့ကြံ့ခံနေကြပါတယ်။ သူမအတွက်တော့ လတ်ဆတ်အေးမြတဲ့ ရေနဲ့ မျက်နှာသစ်လိုက်ရသလို ကောင်းမွန်နေပါတယ်။

သူမ လုပ်ရမှာကို လုပ်ပါတယ်။ လွန်ခဲ့တဲ့

အပတ်ကပဲ ညတိုင်း သူမ လုပ်ခဲ့တာဖြစ်ပါတယ်။ တယ်လီဖုန်းဆီသွားပြီး ဆေးဆိုင်ကို ဖုန်းဆက်ပါတယ်။ စတီဗင် ၄-၀၄၅၂။ တစ်မိနစ်လောက်ကြာတော့ အမျိုးသမီးတစ်ယောက်ရဲ့အသံကို သူမက ကြားရပါတယ်။ ခါတိုင်းကြားနေကျ မိန်းမအသံပဲ ဖြစ်ပါတယ်။ မကျေမနပ်နဲ့ အဲဒီအမျိုးသမီးရဲ့ 'ဟဲလို'သံကို နိုရာက မဖြေဘဲ ငြိမ်နေလိုက်ပါတယ်။ တစ်ဖက်က ဖုန်းကို ချလိုက်ပါတယ်။ အော်ပရေတာရဲ့အသံ ပေါ်လာပါတယ်။

'စတီဗင် ၄-၀၄၅၂ ကို ခေါ်နေတာ'

လို့ နိုရာက ပြောလိုက်ပါတယ်။

လိုင်းဝင်တယ်လို့ အော်ပရေတာက ပြောပါတယ်။

'ကျွန်မ တွေ့ချင်တဲ့သူ မဟုတ်ဘူး၊ မစ္စတာကင်းနက်စတုန်းကို ကျွန်မ ခေါ်နေတာ'

လို့ နိုရာက ပြောလိုက်ပါတယ်။

မိနစ်အနည်းငယ်ကြာပြီးနောက် တယ်လီဖုန်းရုံးက အသံပေါ်လာပါတယ်။

'စိတ်မရှိပါနဲ့ အစ်မကြီး၊ အဲဒီတယ်လီဖုန်းက ဆူဆန်ဝေးစ်ရဲ့ နာမည်နဲ့ ရှိနေပါတယ်၊ မစ္စတာစတုန်း ရဲ့နာမည်နဲ့ မရှိတော့ပါဘူး ခင်ဗျာ'

အဲဒါ မှန်တယ်ဆိုတာ နိုရာ သိပါတယ်။ အန္တရာယ်မရှိနိုင်ပါဘူး။ သူမက ဒီလိုပဲ ခေါ်ခေါ်နေင် တစ်နေ့ သူနဲ့တွေ့မှာပဲ ဖြစ်ပါတယ်။ အမ်စတာဒန် ဟိုတယ်သစ်ကြီးရဲ့ ညှော့ခန်းထဲ သူမ ဝင်ခဲ့တုန်းက လည်း ဒီနည်းအတိုင်းပဲ ဖြစ်ပါတယ်။ သူတို့ တွေ့ဆုံ နေကျနေရာ ဖြစ်ပါတယ်။ ဒီည မိန်းကလေးတွေကို တွေ့ချင်လို့ စောင့်နေကြသူတွေထဲမှာ သူ မပါရှိပါ။ မနေ့ညက သူ အဲဒီမှာ မရှိခဲ့ပါ။ အရင်ညတွေကလည်း မရှိခဲ့ပါ။ မနက်ဖြန်ကျရင်တော့ သူ ရောက်လာမှာပါ။

နေရာဟောင်းတွေကို သွားနိုင်ပြီး လုပ်ခဲ့ဖူး သလို လုပ်ခဲ့ရင် တစ်ချိန်မှာတော့ သူမဟာ ကံကောင်း နိုင်ပါတယ်။ တစ်ချိန်မှာတော့ သူ အဲဒီမှာ ရှိနိုင်ပါ တယ်။ ဆရာဝန် ဝါလ်ဒရွန် မမြင်တွေ့နိုင်တာဖြစ်ပြီး ယုံကြည်ဖို့ အကြောင်းပြချက် မဟုတ်ပါ။ အလိုလို

သိဖို့ လိုပါတယ်။ နီရာက ပြုံးပါတယ်။ ကင် သေ
သွားပြီးနောက် စောစောပိုင်းရက်တွေမှာ ဖြစ်ရပ်တစ်ခု
လုံး သူမဆီကို မပေါ်ပေါက်တော့ပါ။ အခုအခါ သူ့ရဲ့
ဘဝကို တပ်မက်တဲ့ ကင်ရဲ့ တက်ကြွအသက်ပါမှုဟာ
ဘယ်သူ့နဲ့မှ အတူမရှိတာ သူမက သိပါတယ်။ သဘာဝ
ထုံးစံတော့ မဟုတ်ပါ။ ယုံကြည်မှုရှိဖို့ လိုပါတယ်။
စိတ်ဓာတ်ကျရတာလည်း လွယ်ကူပါတယ်။

သူမ နေထိုင်တဲ့ လမ်းကို ရောက်တဲ့အခါ
ထပ်မံပြီး စိတ်ဓာတ်ကျရပြန်ပါတယ်။ သူမရဲ့ တိုက်
ခန်းဟာ သိပ်မြင့်နေသလို အဆောက်အအုံဟာ သိပ်
တင်းမာခက်ထန်ပြီး လေးလံနေပုံရပါတယ်။ အပေါ်ဆုံး
က ပြတင်းပေါက်လေးခုဟာ သူမရဲ့အိမ်ဖြစ်ပါတယ်။
အထပ် ၂၀ မြင့်ပါတယ်။ ပြတင်းပေါက်ဟာ မည်း
မှောင်နေပါတယ်။ သန့်ရှင်းရေး အမျိုးသမီးဟာ မီးအိမ်
ထားဖို့ အသိရှိစေချင်ပါတယ်။

ရုတ်တရက် သူမ မောပန်းသွားပြီး ခံစားမှုမရှိ
ဖြစ်သွားပါတယ်။ သတင်းအမှာစကားတွေ လာသလား

လို့ ကောင်တာမှာ သူမက သွားမေးပါတယ်။ တစ်ခုမှ မရှိပါ။ သူမရဲ့ စာထည့်သေတ္တာပုံးထဲမှာ သူမရဲ့ သွားဆရာဝန်ဆီက သတိပေးနှိုးဆော်စာတစ်စောင်ကို တွေ့ရပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ နေ့ပဲလို့ ပြောတဲ့ ဓာတ်လှေကား မောင်းသူကို သူမက ခေါင်းညိတ်လိုက်ပါတယ်။ ဟုတ်တယ်၊ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်လို့ သူမက ပြန်ပြောလိုက်ပါတယ်။ တန်ဖိုးမရှိတဲ့ စကားတွေ ပြောကြဆိုကြတာတွေဟာ ရယ်စရာကောင်းလိုက်တာ။ ဘာတွေကွာလို့လဲ။ ဒီနေ့ညက အေးတယ်။ မနက်ဖြန် ဒါမှမဟုတ် လာမယ့်နွေရာသီမှာ ပူနွေးမယ်။ ကလေးကလားစကားတွေ ပြောနေကြတယ်။

ဆိုဖာနားက မီးအိမ်ကို ထွန်းလိုက်ပါတယ်။ ပက်လက်ကုလားထိုင်နားက မီးအိမ်ဝါကို ထွန်းလိုက်ပါတယ်။ ထင်းတွေကို မီးလင်းဖိုထဲ ထည့်လိုက်ပါတယ်။ သူမမောပန်းနေပါတယ်။ မတ်တတ်ရပ်လိုက်တော့ မီးဖိုပေါ်က စင်မှာ သူမရဲ့မျက်နှာကို သူမ တွေ့လိုက်ရပါ

တယ်။ သူမ အင်္ကျီပေါ်က ဇီဇဝါပန်းလိုပဲ သူမ မျက်နှာ ဟာ ဖြူရော်ရော်ဖြစ်နေပါတယ်။ သူမရဲ့ နှုတ်ခမ်းတွေ၊ မျက်လုံးတွေနဲ့ ပါးချိုင့်ခွက်တွေမှာ စုတ်တံအမည်းနဲ့ သုတ်ထားသလိုပဲ ထင်ရပါတယ်။

သူမ ဦးထုပ်ချွတ်လိုက်တော့ မည်းမှောင်ပြောင်လက်နေတဲ့ ဆံပင်တွေဟာ ဆေးခြယ်ထားသလိုပဲ ခေါင်းမှာ ပိပြားကပ်နေပါတယ်။ သူမကို ကင်တစ်ခါက ရေးပေးတဲ့ ကဗျာတစ်ပုဒ်ကို သတိရလိုက်မိပါတယ်။ ကဗျာကို မကြိုက်တတ်ပေမယ့် ဒီကဗျာဟာ ချစ်စရာကောင်းတယ်လို့ ထင်ရပါတယ်။ ကြာပွင့်တစ်ပွင့်လို မျက်နှာနဲ့ ညဘက်မှာ ကျောက်ပွင့်လို ဆံပင်တွေအကြောင်း ရေးထားတဲ့ကဗျာ ဖြစ်ပါတယ်။

ညဘက်က ရေဟာ သူမကို အမြဲပဲ တုန်လှုပ်စေပါတယ်။ အတိတ်နိမိတ် မကောင်းဘဲ ဩဇာရှိနေသလို စိတ်မချရသလို ဖြစ်နေပါတယ်။ ကြာပန်းတစ်ပွင့်လိုပဲ ပျောက်ဆုံးသွားတဲ့ မျက်နှာတစ်ခုဟာ မျောနေပါတယ်။ ကျောက်ပွင့်လိုပဲ ဆံပင်တွေဟာလည်း မျောနေ

သူက မေးလိုက်ပါတယ်။ နောက်တော့ သူက ရယ်မောလိုက်ပါတယ်။ သူမ မှတ်မိဖို့ ကြိုးစားကြည့်နေတဲ့ သီချင်းတစ်ပုဒ် ကြားလိုက်ရသလိုပါပဲ။

'ကင်… ကျွန်မတော့ မယုံနိုင်ဘူး၊ အဲဒါ ရှင်နော်၊ ရှင်ပဲလို့ ကျွန်မဖြင့် မယုံနိုင်ပါဘူး'

လို့ပဲ သူမက ပြောနေပါတော့တယ်။

သူက ရယ်ပြန်ပါတယ်။

'ကဲ… ဒီလိုဆို ကိုက ဘယ်သူလဲ'

သူက မေးလိုက်ပါတယ်။

'ရှင်ဟာ ကင်၊ ရှင်ဟာ ကင်ပဲ၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တာပေါ့ ကိုယ့်အချစ်ကလေးရာ'

လို့ ကင်က ပြောပါတယ်။

'ဒါပေမဲ့ အဲဒီမှာထိုင်ပြီး ကိုယ့်ကို တစ္ဆေသရဲလို ပြူးတူးပြဲတဲ မကြည့်နဲ့၊ စီးကရက်တစ်လိပ်ဖြစ်ဖြစ်၊ ဝီကေချောင်းဖြစ်ဖြစ်၊ ကိုယ့်လိုလူအတွက် ပျော်ရွှင်အားတက်သွားမယ့် အရက်ဖြစ်ဖြစ် ရှိလား'

နီရာက ပြောလိုက်ပါတယ်။

'ကင်… မောင်'

သူ့အပေါ်ကို လှသားခနဲ ခုန်တက်လိုက်ပါတယ်။ ရင်းနှီးနေကျ ဆေးလိပ်နံ့နဲ့ မုတ်ဆိတ်ရိတ် လိမ်းဆေးနံ့တွေ သူ့ဆီက ရပါတယ်။

သူမကို နမ်းလိုက်တော့ သူ့မျက်နှာနဲ့ ဆံပင်တွေ အေးစက်နေပါတယ်။

'မင်းကို တွေ့ဖို့ ရှာရလွန်းလို့ ပင်ပန်းလိုက်တာကွာ'

လို့ သူက တိုးတိုးလေး ပြောပါတယ်။

'ဟုတ်လား ကင်ရယ်'

'အဲဒီနေ့က ဘူတာရုံမှာ မင်း ခဏလေးရပ်ပြီး ကိုယ့်ကို စကားပြောမယ် ထင်ခဲ့တာ၊ မင်း ဘာဖြစ်လို့ မပြောတာလဲ'

'ကင်… အဲဒါ ရှင်လား'

နီရာက ပြောလိုက်ပါတယ်။

'အချစ်ကလေးရာ… အဲဒီနေ့ ညက လက်ခံ

ယုံကြည်ဖို့ မင်း အရမ်းခက်ခဲခဲ့တယ် မဟုတ်လား၊ အဲဒါ ကိုယ်ပါပဲ၊ မင်း ရထားကို ပြေးသွားပုံကို မင်းကို ငါ လိုက်တော့မယ်လို့ မင်း ထင်ခဲ့တယ် မဟုတ်လား၊ နောက် မင်းဖုန်းဆက်တော့ မင်းပြောနေတာ ကိုယ် ကြားရတယ်၊ ကိုယ်က 'ဟဲလို… ဟဲလို…'လို့ ပြော လိုက်သေးတယ်။ မင်းက မကြားဘူး။ အမ်စတာဒမ် ဟိုတယ်ကြီးမှာလည်း မင်းကို ကိုယ် လက်ပြခဲ့တယ်။ ဒါပေမဲ့ မင်းထွက်သွားတာ သိပ်မြန်တယ်'

နီရာက သူ့ကို ကြည့်လိုက်ပါတယ်။ သူ့ မျက်လုံးတွေ ကြီးမားလာသလို ထင်ရတယ်။ သူမရဲ့ လက်ချောင်းကလေးတွေနဲ့ သူ့ရဲ့ပါးကို ပွတ်သပ်ပေး ပါတယ်။

'ဒါပေမဲ့ ကင်ရယ်၊ ဆရာဝန်က ကျွန်မကို ရူးကြောင်ကြောင်ဖြစ်နေတယ်လို့ ပြောတယ်၊ အို… ကင်ရယ်၊ ကျွန်မ သိခဲ့ပါတယ်၊ သိခဲ့ပါတယ်၊ ဆက် ပြီးလျှောက်နေခဲ့ရင် ရှင်လာမယ်ဆိုတာ ကျွန်မ သိခဲ့ ပါတယ်'

ကင်က သူမအနားက ခဏခွာလိုက်ပြီး ဖြည်း ဖြည်းချင်း ပြောပြပါတယ်။

'ကိုယ်လေ အကြာကြီး ကြိုးစားခဲ့ရတယ် နီရာရယ်၊ ကိုယ် ပင်ပန်းလှပြီကွာ၊ နောက်ထပ် ကို မလာနိုင်တော့ဘူး၊ အခု လတွေ အတော်ကြာခဲ့တယ်၊ ကိုယ့်ဘက်က အတင်းအကျပ်လုပ်တာတွေမပါဘဲ မင်း ဘာသာမင်းဆုံးဖြတ်ရမယ်၊ အချစ်က ကိုယ့်ကို သေသေ ချာချာ နားထောင်ပြီးတော့ ဆုံးဖြတ်ပါ၊ ဒီနေ့ ဘာနေ့ လဲဆိုတာ မင်းသိပါတယ်၊ ငါ မင်းဆီလာခဲ့ပါတယ်၊ ဒါပေမဲ့ မင်းသွားချင်တယ်ဆိုရင်ပေါ့၊ မင်း သွားချင် တယ်ဆိုရင် ငါနဲ့ အခုပဲ လိုက်ခဲ့ပါ၊ မင်း ကြောက်ရွံ့ ထိတ်လန့်နိုင်ပါတယ်၊ မင်း ဝမ်းနည်းစိတ်ထိခိုက်ပြီး နောင်တရနိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ် ထပ်ပြီး ပြန်မလာ နိုင်တော့ဘူးဆိုတာ မင်းကို သိစေချင်တယ်၊ ကိုယ် အဝေးကြီးကို သွားရမှာ'

နီရာက သူ့ရဲ့လည်ပင်းကို သူမရဲ့ လက်နဲ့ သိုင်းဖက်ထားကာ သူ့ကို ပူးကပ်လိုက်ပြီး အဖြေအတွက်

ပြလိုက်ပါတယ်။

'အိတ်ထဲမှာ ပစ္စည်းတွေ ထည့်လိုက်ဦးမယ်၊ စောင့်ဦးနော်'

ကင်က ရယ်ပါတယ်။

'မင်း ဘာမှမသိပါလား၊ ဘာပစ္စည်းမှ မလိုဘူး၊ ဒီအတိုင်းပဲ လိုက်ခဲ့'

'ကင်… အချစ်ရေ၊ သွားကြစို့၊ အမြန်သွားကြစို့၊ ကျွန်မ အဆင်သင့်ပါပဲ'

သူတို့ ထရပ်လိုက်ကြပါတယ်။ အဲဒီနေ့ စောစောပိုင်းကလိုပဲ ကင်က သူ့အိတ်တွေကို ထုပ်ပိုးချည်နှောင်ပါတယ်။

'မကြောက်ပါဘူးလို့ ကိုယ့်ကို ကတိပေးနော်၊ ကိုယ်ပြောတဲ့အတိုင်း လုပ်မယ်လို့ ကတိပေးပါ နို့ရာ'

'ကတိပေးပါတယ်'

သူမက ပြောလိုက်ပါတယ်။

အိပ်ခန်းထဲကို ဝင်သွားတဲ့ သူ့နောက်ကို သူမက လိုက်သွားပါတယ်။ ပြီးတော့ ပြတင်းပေါက်ပေါ်ကို

သွားပါတယ်။

ပြတင်းပေါက်ကို ဖွင့်လိုက်ရင်း သူက ပြော ပါတယ်။

'မင်းကို အချက်ပြလိုက်ရင် ကိုယ့်လက်ကို ကိုင်ထားပြီး ပြတင်းပေါက်အောင်ပေါ်ကို ကိုယ်နဲ့အတူ တက်လိုက်၊ မကြောက်နဲ့နော်၊ ကိုယ့်လက်ကို ကိုင်ထား ပြီး မျက်စိမှိတ်ထား၊ မပူနဲ့၊ ကိုယ် မင်းကို ဘယ်တော့မှ မခွဲပါဘူး'

အောက်က ခြံဝင်းထဲကို သူတို့ ငုံ့ကြည့်လိုက် ကြပါတယ်။ အထပ် ၂၀ အမြင့်က အောက်ကိုကြည့် တာ ဖြစ်ပါတယ်။ မြေအောက်ခန်းဖွင့်နေတဲ့ တံခါး က မီးရောင်ထဲမှာ အလုပ်သမား စတိဗ်ကို စည်သွပ် ဘူးကြီး လိမ့်နေတာ သူတို့ တွေ့ရပါတယ်၊ ကင်က သူမရဲ့ နောက်ကျောကို ကိုယ်ဟန် လက်ဟန် ပြလိုက် ပါတယ်။

'ခဏလေးနေဦး'

သူက ပြောလိုက်ပါတယ်။ သူတို့ စောင့်နေ

ကြပါတယ်။ မျက်နှာချင်းဆိုင် တိုက်ခန်းဝ ရောင်ထဲမှာ မိန်းမတွေ ညစာပြင်နေကြပါတယ်။ နေတဲ့ ပြတင်းပေါက်က အိုးသံ၊ ခွက်သံ၊ ပန်းကန်သံ တွေ ကြားနေရပါတယ်။ သူတို့နှစ်ယောက်က တစ်ခါ ထပ်ပြီး အောက်ကို ငုံ့ကြည့်ကြပါတယ်။ ခြံဝင်းထဲမှာ ဘယ်သူမှ မရှိတော့ပါ။ မြေအောက်ခန်းက အလင်း ရောင်ဟာ ဂူထဲက ထွက်လာတဲ့ အလင်းရောင်နဲ့ တူနေ ပါတယ်။ သူမက ကင်ဘက်ကို လှည့်ကြည့်လိုက်ပါ တယ်။ ကင်က ပြုံးပြပြီး ခေါင်းကို ညိတ်လိုက်ပါတယ်။

'ကဲ... ခုန်လိုက်တော့'

လို့ သူက ပြောပါတယ်။

❒